









# လူငယ်နှင့်နိုင်ငံရေး

သန်းဝင်းလှိုင်







လူငယ်နှင့် နိုင်ငံရေး

သန်းဝင်းလှိုင်

မာတိကာ

၁။ နိဒါန်း ....၁

၂။ နိုင်ငံရေး ဆိုတာ ....၃၆

၃။ လူ့သမိုင်းတစ်လျှောက်ပေါ်ထွန်းခဲ့သော ခေတ်များ .... ၅၅

၄။ လူ့သမိုင်းတစ်လျှောက်ပေါ်ပေါက်ခဲ့သော ဝါဒများ ....၇၉

၅။ မင်းကျင့်တရား (၁၀) ပါး ....၁၁၃

၆။ နိုင်ငံရေး သမားဟူသည် ....၁၃၀

## နိဒါန်း

လူငယ်တို့ရေ...

အစ်ကိုကြီးတို့ နိုင်ငံဟာ နှစ် ပေါင်းများ စွာ စစ်အာဏာ ရှင် စနစ်ဆိုးနဲ့ အုပ်ချုပ်ခဲ့တာကြောင့် နိုင်ငံရေး အကြောင်း၊ ဒီမိုကရေစီအကြောင်းနဲ့ လူ့အခွင့်အရေး အကြောင်းတွေ ကို ဘယ်သူကမှ မပြောရဲ၊ မဆိုရဲ၊ မကြားရဲအောင် ထိတ်လန့်ခဲ့ ကြတယ်။ တကယ်တော့ ဒါကလည်း သိပ်တော့ မဆန်းလှ ပါဘူး။ လက်နက်ကိုင်ထားပြီး ဥပဒေမဲ့ ထင်သလိုအုပ်ချုပ် နေတဲ့ စစ်အာဏာရှင်တွေ ကို လူတွေ ကြောက်တာ သဘာဝ ပါပဲ။ ခါးပိုက်ထဲမှာ မြွေပွေးတို့၊ မြွေဟောက်တို့ကို ခါးပိုက် ထဲ ပိုက်ထားကြရင်လည်း လူတွေ ကြောက်ကြမှာ အမှန်ပဲကွ။ သို့ ပေမဲ့ အားမတန်လို့မာန်လျှော့၊ မချစ်သော် လည်း အောင့် ကာနမ်း မနမ်းသော် လည်း ပင့်သက်ရှူရှိုက်သလိုပေါ့ကွာ။ အဲ့ဒီအချိန်တုန်းက အမြင်မတူသူ၊ မိမိယုံကြည်ချက်ကြောင့် နိုင်ငံရေး လှုပ်ရှားခဲ့သူတွေ ကို ပြင်းထန်စွာ ဖိနှိပ်၊ ဖမ်းဆီး၊ ထောင်ချ

ညှဉ်းပန်းနှိပ်စက်ခဲ့တာကြောင့် စစ်အာဏာရှင် တွေ နဲ့ သူတို့ရဲ့ လက်ကိုင်တုတ်တွေ ကို ကြောက်တာမို့ နိုင်ငံရေး ဆိုတဲ့စကားကို လူတွေ တော် တော် များများ ဝေးဝေးက ရှောင်ခဲ့ကြတယ်။

ဒါပေမဲ့… အခုအခါမှာ တော့ မြန်မာနိုင်ငံဟာ ပြုပြင် ပြောင်းလဲရေး လမ်းကြောင်းပေါ် တက်လှမ်းတာမို့ အရင်က မပြောရဲ မဆိုရဲအောင် ဖြစ်ခဲ့တဲ့ နိုင်ငံရေး၊ ဒီမိုကရေစီရေး၊ လူ့အခွင့်အရေး အကြောင်းတွေ ကို နေရာအနှံ့ လှိုင်လှိုင်ကြီး ကြားနေရပြီကွဲ့။

တကယ်တော့ နိုင်ငံရေး ဆိုတာ လူတိုင်းနဲ့ သက်ဆိုင် နေတာကွဲ့။ "လူဆိုတာ နိုင်ငံရေး သတ္တဝါ ဖြစ်တယ်" လို့ ဂရိတွေ းခေါ်ရှင် အရစ္စတိုတယ် (၃၈၄-၃၂၂ ဘီစီ) က ပြောခဲ့ဖူးတယ်။ နိုင်ငံရေး ရဲ့ အဓိပ္ပာယ်ကိုတော့ မိုလ်မှူး ချစ်ကောင်းပြုစုတဲ့ "နိုင်ငံရေး အဘိဓာန်"မှာ တော့.....

"လူတန်းစားများ ၏ မိမိတို့ စီးပွားရေး၊ အကျိုး စီးပွားတိုးတက်ရေး အတွက်နှင့် အနှစ် သာရအားဖြင့် အစိုးရအာဏာရရှိရေး အတွက် ဖြစ်သော သဘောတရား နှင့် ဆောင်ရွက်ချက်သည် နိုင်ငံရေး ဖြစ်သည်" လို့ ဖွင့်ဆိုထားတယ်။



ဗိုလ်ချုပ်အောင်ဆန်း

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ကတော့....

"လူဆိုတာ အရစ္စတိုတယ် ပြောသလို နိုင်ငံရေး သတ္တဝါ ဖြစ်တယ်။ နိုင်ငံရေး ဆိုတာ ကျုပ်တို့ရဲ့ ဘဝ၊ ကျုပ်တို့ရဲ့ အလုပ်ထဲမှာ ရှိနေတယ်။ လယ်သမားများ က သူ့မြေနဲ့ သူ့အခြေအနေကို တိုးတက်အောင် လုပ် ချင်တယ်။ စာရေး စာချီတွေ က သူတို့ရဲ့ ပင်ပန်းတဲ့ ရုံးအလုပ်နဲ့ တင်းတိမ်မနေကြဘူး။ ချုံတဲ့ကြောင့်ကြ နေရတဲ့ ဘဝက လွတ်ချင်ကြတယ်။ ကုန်သည်ပွဲစား တွေ က ရောင်းရေး ဝယ်ရေး အလုပ်အတွက် ကောင်းမွန်တဲ့ အခွင့်အလမ်းတွေ ကို လိုချင်ကြတယ်။ အဲ့ဒီ လူတွေ အားလုံး သူတို့ရဲ့ ဘဝတိုးတက်ဖို့အတွက် ကြိုး စားကြတာ၊ ချမ်းမြေ့သာယာရေး အတွက် ကြိုးစားကြ တာတွေ ဟာ နိုင်ငံရေး ပဲ" လို့ ပြောဖူးတယ်ကွဲ့။

ဆရာမောင်ဝံသ ပြုစုတဲ့ ""ခေတ်မှီနိုင်ရေး ဝေါဟာရ အဘိဓာန်"မှာ တော့ အောက်ပါအတိုင်း ဖွင့်ဆိုထားပြန်တယ်။ "နိုင်ငံရေး ဟူသည် တိုင်းရေး ပြည်မှု လုပ်ငန်းဆောင်တာများ ကို ညွှန်ကြားခြင်းနှင့် စီမံခန့်ခွဲခြင်းဆိုင်ရာ ဝိဇ္ဇာ သို့မဟုတ် သိပ္ပံအတတ်ကို လက်တွေ့ အကောင်အထည်ဖော်ခြင်းသည် လူမှု ဘဝ၏ မည် သည့်အစိတ်အပိုင်းကို နိုင်ငံရေး ဟု ခေါ် သနည်းဟု မေးခွန်းထုတ်လျှင် အဓိပ္ပာယ်ဖွင့်ဆိုချက်များ စွာ ကွဲလွဲနိုင်သည်။ မည် သို့ရှိစေ နိုင်ငံရေး သည် လူ့အဖွဲ့အစည်း အသီးသီးရှိ လူတိုင်းနှင့် သက်ဆိုင်သည်။ တိုင်းရေး ပြည်မှု ဆိုင်ရာ အဆုံးအဖြတ်များ ကို လူအများ က ပါဝင်ဆောင်ရွက် ခြင်း ဖြစ်စဉ်သည် နိုင်ငံရေး ပင် ဖြစ်သည်။ အင်္ဂလိပ်ဘာသာ "Politices" သည် ဂရိစကား "polis" မှ ဆင်းသက်လာ ခြင်း ဖြစ်သည်။ "မြို့" သို့မဟုတ် "နိုင်ငံ" ဟု အဓိပ္ပာယ် ရသည်။ "Politicos" သည် နိုင်ငံ သို့မဟုတ် မြို့ပြရေး ရာ များ နှင့် ဆက်စပ်မှု ဟူသမျှကို သုံးနှုန်းသော စကားလုံး ဖြစ်သည်။ လက်တင်ဘာသာဖြင့် နိုင်ငံရေး ကို "Politicus"ဟုခေါ်ပြီး ပြင်သစ်ဘာသာတွင် "Politique" ဟု သုံးနှုန်းခဲ့ သည်။ သို့ဖြင့် အင်္ဂလိပ်စာလုံး"Politics" ဟူ၍ ဖြစ်တည် လာခဲ့သည်။ နိုင်ငံရေး သိပ္ပံပညာသည် နိုင်ငံရေး ၏ အဓိက အချင်းအရာနှစ် ဖြစ်သော အာဏာရရှိရေး နှင့် အာဏာကျင့် သုံးရေး တို့ကို လေ့လာခြင်း ဖြစ်သည်။ နိုင်ငံရေး အာဏာကို အကြောင်းပြု၍ လက်ဝဲနိုင်ငံရေး နှင့် လက်ယာနိုင်ငံရေး ဟူ၍ ကွဲပြားလာခဲ့သည်။ ပြင်သစ်တော် လှန်ရေး အကြိုကာလတွင် အမျိုးသားလွှတ်တော် ခေါ်ယူသော အခါ ဘုရင်ကို ဆန့်ကျင် သူများ က လက်ဝဲဘက်တွင် ထိုင်ကြပြီး၊ ဘုရင်ကို လိုလားသူ များ က လက်ယာဘက်တွင် ထိုင်ကြသည်ကို အစွဲပြုကာ လက်ဝဲသမား၊ လက်ယာသမားဟူ၍ ခွဲခြားခေါ်ဝေါ်လာခြင်း ဖြစ်သည်။ ယေဘူယျလက်ခံထားသည်မှာ လက်ယာသမား များ သည် အစဉ်အလာကို တန်ဖိုးထားသည်။ အရင်းရှင် စနစ်ကို လက်ခံသည်။ လက်ဝဲသမားများ က အစဉ်အလာ ကို ပြုပြင်ပြောင်းလဲရန် ဝန်မလေးကြ။ သာတူညီမျှဝါဒ (Equalitariansim) ကို တန်ဖိုးထားသည်။ သို့ဖြင့် လူမှု ဆိုင်ရာ မမျှတမှု များ ကို ပပျောက်အောင် ကြိုးပမ်းရမည် ဟု ယုံကြည်သည်။ လက်ယာသမားများ ကမူ လူမှု မညီမှု များ သည် သဘာဝအတိုင်း ဖြစ်ရခြင်းဟု ယူဆသည်။ ပပျောက် အောင်လုပ်၍ မရနိုင်ဟု ဆိုသည်။ လူမှု မမျှတမှု များ ကိုအတင်းအဓမ္မ

ပြုပြင်ပြောင်းလဲရန် ကြိုးစားခြင်းသည် စိတ်ကူး ယဉ်ခြင်း သို့မဟုတ် အမိန့်အာဏာသုံးခြင်းသာ ဖြစ်သည်ဟု ဆိုသည်။



ဗိုလ်ချုပ်အောင်ဆန်း

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း (၁၉၁၅-၁၉၄၇) ကလည်း အိုးဝေမဂ္ဂဇင်း၌ ရေး သားခဲ့သော "နိုင်ငံရေး ၏ သဘောသဘာဝ၊ နိုင်ငံရေး ဝါဒအဖုံဖုံတို့ကို အကျယ်တဝင့် ရေး သားခဲ့တယ်။ ဗိုလ်ချုပ်ရဲ့ နိုင်ငံရေး အမျိုး မျိုးကို လေ့လာကြည့်ကြပါစို့။

"နိုင်ငံရေး ဆိုသည်မှာ အင်္ဂလိပ်လိုအားဖြင့် 'politics' ဟုခေါ်သည်။ Politics (ပေါ်လစ်တစ်) ဆိုတဲ့စကားသည် အင်္ဂလိပ်စကားမဟုတ်။ ပေါ်လစ်တစ်ဆိုသော စကားမှာ ဥရောပတစ်တိုက်လုံး သိ၏ ။ ပေါ်လစ်တစ်ဆိုသော စကားမှာ ခေါမတိုင်းခေါ် ဂရိပြည်မှ စတင်ပေါ်ပေါက်လာပေသည်။ ခေါမစကား Polity (ပိုလစ်တီ) ဆိုသော စကားမှ ဆင်းသက်

လာပေသည်။ အဓိပ္ပာယ်ကား လူများ စုပေါင်းချုပ်မှု ပင် ဆိုပေ သည်။ ထို့ကြောင့် နိုင်ငံရေး ဆိုသည်မှာ လူအဝန်းနှင့် ပေါင်း သင်းအုပ်ချုပ်ရသော ကိစ္စပင် ဖြစ်သည်။ ထို့ကြောင့် နိုင်ငံ ရေး ကို Social Science (ဆိုရှယ်ဆိုင်းယင့်စ်) ပေါင်းသင်း ဆက်ဆံမှု (လောကဓာတ်) ပညာဟု ယူဆရပေမည် ။ ထို လူလူချင်း ပေါင်းသင်းဆက်ဆံမှု မှ ပေါ်ပေါက်လာသော ပြဿနာအရပ်ရပ်ကို အကြောင်းနှင့် အကျိုးတရားကို အမှီ ထား၍ ရှာဖွေစုံစမ်း၊ စစ်ဆေးမေးမြန်း၊ ဝေဖန်ခွဲခြား၊ စီမံ အုပ်ချုပ်မှု ပင် ဖြစ်သည်။ ဤကိစ္စကို အကျဉ်းအားဖြင့် နိုင်ငံရေး ဝါဒတိုင်း တစ်နိုင်ငံလုံးအရေး ဟု ယူဆကြ၏ ။ သို့ သော် ယခုအခါ နိုင်ငံရေး ၏ အဓိပ္ပာယ်မှာ တစ်နိုင်ငံ၊ တစ်တိုင်း ပြည်လောက် ကိစ္စမဟုတ်တော့ တစ်ကမ္ဘာလုံးကိစ္စ ဖြစ်လာ ၏ ။ နိုင်ငံရေး ပေါ်ကာစ ခေါ်မ၊ ရောမတိုင်း၊ ထိုအခါများ ၌ ကား နိုင်ငံရေး သည် City State (စီတီစတိတ်) ခေါ် မြို့ ကြီးတစ်မြို့သာ ရှိ၏ ။ ထို့နောက် ကျယ်၍ ကျယ်၍ လာရာယခုအခါကား ကမ္ဘာနှင့် အဝန်းအထိသို့ ပင် ဖြစ်လေပြီ။ ထို့ကြောင့် နိုင်ငံရေး ဆို၍ မိမိနိုင်ငံကလေးတွင် ချည်း ထင် သလိုလုပ်၍ မ ဖြစ်နိုင်တော့ချေ။ ဥဒါဟရုဏ်တွေ ၊ ပြယုဂ် တွေ ပြနေဖို့ မလိုပြီဟုယူဆ၏ ။

အထက်၌ ဖော်ပြခဲ့သော နိုင်ငံရေး ၏ သဘောကို အကျယ် ဋီကာဖွင့်ရလျှင် ကုန်နိုင်ဖွယ်မရှိ၊ သို့ရာတွင် ပိုမိုထင်မြင် သဘောပေါက်စေခြင်းငှာ သရုပ်ထပ်၍ ဆောင်ပြဦးအံ့။ နိုင်ငံရေး သည် လူမှု ၊ သူမှု ကိစ္စ အားလုံးပင် ဖြစ်၏ ။

လူဟူ၍ ကမ္ဘာတွင် ဖြစ်လာသည့်အခါမှစ၍ လူ၏ အတန်း အစားအလျောက် လူလိုနေ၊ လူလိုဝတ်၊ လူလိုစား၊ လူလို သောက်၊ လူလိုလုပ်လာ၏ ။ လူလို လုပ်ချင်လာ၏ ။ လူလို ကြိုးစားလာ၏ ။ အထမြောက်လာ၏ ။ ပိုမို ကျယ်ပြောလာ၏ ။ လူနှင့် တိရစ္ဆာန်ကွဲပြားမှုမှာ လူက လုပ်ငန်းဆောင်တာများ ကို ဆောင်ရွက်ကြရာ၌ ပိုမိုများ ပြား ရှုပ်ထွေးလာသော အခါ နိုင်ငံရေး တည်းဟူသော လူ့ပင်မများ ပေါ်ပေါက်လာ၏ ။ ဥပမာကား ဂဏန်းသင်္ချာတွင် အပေါင်း၊ အနုတ်၊ အမြှောက်၊ အစားထက် အမြှောက်အစားက ဘုံးသုံးကိန်းလာ ဘုံညီကိန်း သို့ တစ်ဆင့်တက်၊ ဤသို့ တက်၍ တက်၍ သွားသည့်အခါ ရိုးရိုးဂဏန်းမှ ဆန်းဆန်း၊ ဆန်းဆန်းမှ ရုပ်ရှင် ဖြစ်လာ သကဲ့သို့ ပင် ထိုအပေါင်းအကွာရာသင်္ချာ အစရှိသဖြင့် ပေါ် ပေါက်လာသကဲ့သို့ ဖြစ်သည်။ အမြှောက်အစားသည်



**သခင်မြသန်း**

အပေါင်းအနုတ်မှ တစ်ဆင့်တက်ခြင်း ဖြစ်သကဲ့သို့ ဖြစ်သည်။ အမြှောက်သည် အပေါင်းများ စွာ လုပ်ရသည်ကို အလွယ်နည်း ပိုမိုကောင်းသော နည်း ဖြစ်သကဲ့သို့ အစားသည် အနုတ်များ စွာ လုပ်နေရသည့်ကိစ္စကို ပြုပြင်သကဲ့သို့၊ လူမှု ကိစ္စများ လည်း ဗမာ့အယူအရ ပဒေသာပင်ခေတ်မှ သမ္မတ မင်းခေတ် (အစိုးရပေါ်သည့်ခေတ်) တည်းဟူသော နိုင်ငံရေး ဘဝ ရောက်လာ၏ ။ တခြားအရာတွေ အယူအဆမှုကား လူရိုင်းမှ လူယဉ်ခေတ်ရောက်လာသည့်အခါ နိုင်ငံရေး ပေါ်သည်ဟု ဆို၏ ။ မည် သို့ ပင် ဖြစ်စေ တူသော အချက်ကား လူမှု၊ သူမှု ကိစ္စများ ထွေပြားနက်နဲလာသည့်အခါ တစ်ဦးတည်း တစ်အိမ်ထောင်တည်း၊ တစ်မျိုးတည်း၊ တစ်ဘာသာတည်း၊ တစ် နိုင်ငံတည်းဆိုသည့် ကိစ္စမျိုးမရှိတော့ဘဲ တစ်ဆင့်ထက်တစ် ဆင့် တက်လာ၏ ။ ထိုလူ့အဆင့်အတန်းမှ နိုင်ငံရေး တည်း ဟူသော ပင်မသည် ပေါ်လာ၏ ။

ပေါ်လာပုံကား လူတွေ ကများ လွန်း၍ ပြဿနာတွေ က ရှုပ်လွန်း၍

လူချင်းညှိလို့မရလွန်း၍ တစ်ယောက် ယောက် စည်းမဲ့ကမ်းမဲ့ ဖြစ်လာ၍ အစိုးရဟု

ပေါ်ပေါက်လာ၏ ။ ထို အစိုးရကား လူတွေ က အသီးသီး သူ့နေရာ သူတို့အားလုံး

အကျိုးအတွက် တင်လိုက်၍ ဖြစ်ရ၏ ။ လူအများ က သူတို့ အတွက်
ဘေးရန်ကာကွယ်ပေးနိုင်ပါစေ။ အငြင်းအခုံများ ဖျန်ဖြေပေးနိုင်ပါစေ၊ အစားအသောက်
အဝတ်အနေ မှန်ပါစေ ဆို၍ အစိုးရကို ချီးမြှောက်ကြ၏ ။ အစိုးရစကားကို လိုက်နာ ကြ၏ ။
အစိုးရကလည်း ရသည့်အခွန်ကို တိုင်းသူပြည်သား များ အတွက် ပြန်သုံးရ၏ ။
တိုင်းသူပြည်သားများ ကောင်း ကျိုးအတွက် အများ လိုက်နာရန် ဥပဒေတွေ ထုတ်၊ ဥပဒေ
မနာခံသူတွေ ကို အထိုက်အလျောက် စီရင်ပေးရ၏ ။ အမှန် စင်စစ်မှာ ပြည်သူ့ဆန္ဒအရ
အုပ်ချုပ်မှု ဟုခေါ်သော ဒီမိုကရေစီ ဆိုသည်မှာ နိုင်ငံရေး ၏ အရင်းခံသဘောပင် ဖြစ်သည်။
နိုင်ငံရေး ၏ မဖောက်မပြန် မှန်ကန်သော ပရမတ်ကျား ဖြစ် ၏ ။ သို့ သော် နက်နက်နဲနဲ တွေ
းရှုသည့်အခါ အမှန်မှာ ဒီမိုကရေစီဟု မရှိလှသေး။

လူတွေ တရားမစောင့်နိုင်သည့် အကြောင်းအရင်းမှာ လည်း
လောဘတရားကြောင့် ဖြစ်၏ ။ လောဘတရား ဖြစ်ခြင်း မှာ လည်း
ပုဂ္ဂလိကပစ္စည်းပေါ်ပေါက်လာသဖြင့် ငါ့ဟာ၊ ငါ့အိမ်၊ ငါ့ခြံ စသဖြင့် ငါတည်းဟူသော
“သက္ကာယဒိဋ္ဌိ” အရင်းခံသည့် လောဘ၊ ထိုလောဘကြောင့် ဖြစ်သော ဒေါသ၊ ထိုလောဘ၊
ဒေါသမီးတို့ကြောင့် မောဟတည်းဟူသော မသိ မလိမ္မာ မိုက်မဲမှု ဖြစ်လာ၏ ။

ထိုအခါ လူများ မှာ အကျိုးခြင်းမတူဘဲ ဖြစ်လာ၏ ။ မတူသော အကျိုးများ ကြောင့်
အချင်း ဖြစ်ရ၏ ။ သို့ ဖြစ်ရကား အကျိုးခံစားရသော သူတစ်စုသည် မိမိ ထိုအကျိုး မပျက်



**သခင်မြ**

မပျောက်စိမ့်သော ၄ာ ““ကိုင်း...........မင်းတို့ ငါတို့သည့်လိုချည်း တစ်ဦးနှင့် တစ်ဦး တိုက်ခိုက်၊ သတ်ဖြတ်၊ ငြင်းခုံ၊ လုယက် နေလို့ မ ဖြစ်ဘူး။ နိုင်ငံရေး ထွင်ကြစို့၊ အစိုးရ ထောင်ကြစို့။ သူက ငါတို့ကို အုပ်ချုပ်ပေတော့။ သူတို့ ငါတို့က ဘယ်လို ကူညီကြ”” ဆို၍ အကျိုးခံစားခွင့်ရှိသူများ က အကျိုးခံစားခွင့် မရှိသူများ ကို လှည့်စား၍ သူတို့ကိုယ်စား အစိုးရတွေ ၊ ဘာတွေ နှင့် အေးအေးချမ်းချမ်း ပေါက်ထွင်ကြကုန်၏ ။

“လှည့်စားသည်” ဆိုသည့်မှာ အကျိုးခံစားရသူများ ကိုယ်တိုင်က သိပြီး လှည့်စားခြင်း မဟုတ်။ သူတို့ လောဘ စေတသိက်၏ မြှောက်ပင့်မှု ကြောင့် အမှန် ကတော့ လူတွေ အချင်းများ တာဟာ ငါတို့လောဘကြောင့် ငါတို့ သက္ကာယဒိဋ္ဌိ ကြောင့် ဘုံပစ္စည်းကို ပုဂ္ဂလိကပစ္စည်းသို့ ပြောင်းလဲခြင်း ကြောင့် ဟု မသိဘဲ မောဟများ နှင့် လောဘများ ကို အလို လိုက်ခြင်းပင် ဖြစ်၏ ။ အကျိုးခံစားခွင့် နည်းသူများ သည် ထိုအခါ ဆိုးရွားသော အခြေအနေကို မရိပ်မိသေး၍ “အေး.... ကောင်းသားပဲ၊ နှစ် ဦးနှစ် ဖက်အကျိုးပဲ၊ ကောင်း တာလုပ်ကြကွာ၊ အစိုးရဆိုတာ ကောင်းသားပဲ။ မင်းတို့၊ ငါတို့က တင်လိုက်တာပဲ။

သမာသမတ်နှင့် သူတို့က ကြား ဖြန်လိမ့်မဟော့” ဟု ယောင်ဝါးကုန်၏ ။

ဗမာစာတွင် ကား အစိုးရဟူ၍ သာ နိုင်ငံရေး စကား၏ “အစိုးရဆိုသည်မှာ ဆယ်အိမ်ခေါင်းကအစရှင်ဘုရင်အထိ



**သခင်ဘသောင်း**

အုပ်ချုပ်သူများ ကို သိကြ၏ ။ “အစိုးရသည် ပြည်သူ၏ ကိုယ်စားလှယ်၊ ပြည်သူ၏ ဆန္ဒအရ ဖြစ်သည်ဆိုသော သဘော မှာ “ကြာလေပျောက်လေ” ဖြစ်လာ၏ ။ အစိုးရသည် ပြည် သူနှင့် အလှမ်းကွာနေ၏ ။ လူတို့စိတ်တွင် သူ့အရိုးနှင့် သူ့ အမျိုးမှ ဖြစ်နိုင်သည်ဟု ထင်မှတ်ကြ၏ ။

အစိုးရတို့ အကျိုးခံစားရသော အတန်းအစားက မစား ရသော အတန်းအစားကို သူမသိ၊ ငါမသိလှည့်ပတ်လိုက် သည့် အလိမ်မှာ သေသေချာချာကြည့်လျှင် ပေါ်ပေမည် ။ သို့ သော် လည်း ကြီးမားလှသော မောဟတရား ဖုံးလွှမ်းနေသူ တို့မှာ အကျိုးခံစားရသော အတန်းအစား၏ အလွန်သိမ်မွေ့ သော (ဝါ) ကိုယ်ကျိုးလုံ့ဆော်၍၊ စေ့ဆော်၍ သူတို့ကိုယ်တိုင် လှည့်မှန်းမသိ လှည့်လာသော နည်းစနစ်ကြောင့် အလိမ်

ခံရမှန်းမသိနိုင်တော့။

အကျိုးခံစားရသည့် မင်း၊ သူဌေး၊ သူကြွယ်တို့မှာ လည်း “ကုသိုလ်ကြောင့်” ဟု ပြောလာ၏ ။ အကျိုးမခံစားရသည့် သူများ ကလည်း “ခင်ဗျားတို့ကုသိုလ်ကြောင့် မဟုတ်ဘဲ ခင်ဗျားတို့ စီမံလာတဲ့ အခမ္မစနစ်ကြောင့် ” ဟု မသိဘဲ ငါတို့ကံကြောင့် ဟု ထင်လာ၏ ။

ဗမာတွင် ကား အစိုးရဆိုသည့် နိုင်ငံရေး စကားသာရှိ သဖြင့် အစိုးရမဟုတ်သည့် တိုင်းသူပြည်သားများ မှာ အကြောင်း သေချာစွာ မသိပင် မသိလင့်ကစား အစိုးရဆိုတာ သူတို့မဟုတ်ဟုကား သိကြမည် ပင် ဖြစ်၏ ။

အင်္ဂလိပ်တွင် ကား ဟိုးရှေးက အရင်းခံသဘောကို တကယ်ပဲ လက်စွဲရှိသေးသလို “စတိတ်” (State) ဟုခေါ် သော အစိုးရရော တိုင်းသူပြည်သားတွေ ပါ ဖြစ်သည်။ တိုင်းဟူသော နိုင်ငံရေး စကားပင် ရှိ၏ ။ တခြား အကြီး အကျယ် စကားတွေ လည်း ရှိသေး၏ ။

သို့ သော် လည်း “စတိတ်” ဆိုတာဟာ နိုင်ငံရေး အဘိ ဓမ္မာ ဆရာကြီးအကြောင်းနှင့် အကျိုးယဉ်တဲ့ ဘုံဝါဒ ဆရာ ကြီး “ကားလ်မတ်ခ်” အလိုအရကား အုပ်ချုပ်ရသည့် အတန်း အစား၏ အမှု ဆောင်အဖွဲ့ ပါပဲ။ မထူးခြားပေ။ ခွေးကို အောင်နက်ကနေပြီး မောင်စိန်ဟု ပြောင်းခေါ်သလိုပင်။

ဤသို့ လျှင် လူတွေ ပေါ်လာပြီး လူကိစ္စတွေ ထွေလာ တော့ နိုင်ငံရေး ဆိုတာ ဖြစ်လာ၏ ။ “စတိတ်” နိုင်ငံရေး အဆောက်အအုံကြီး ဖြစ်လာတော့ အမှန်မှာ တော့ တစ်တန်း စားက တစ်တန်းစားအထိ အုပ်စိုးချုပ်ချယ်ဖို့ စနစ်အရင်းခံပင် ဖြစ်လေသည်။ သို့ ပင် ဖြစ်လာသော် လည်း မောဟတွေ ဖုံးနေတဲ့



**ကိုဗဟိန်း**

ဤလောကကြီးမှာ လူတွေ အများ ဟာ မမြင်နိုင်၊ မသိနိုင် လွန်းတော့ “စတိတ်” ဆိုတာကိုပဲ အကောင်းချည်း ထင် ကြသည်။ ထင်ကြတော့ ဒီစတိတ်ဆိုတဲ့ တန်ခိုးအာဏာ ကိရိယာကြီးကို သူ့အတန်းအစားလက်က ကိုယ့်အတန်း အစားလက်ရောက်အောင်
ကိုယ့်အတန်းအစားအကျိုးအတွက်လုယူလာလိုက်တာ ယခုဆိုလျှင် လူတစ်ဦးက တစ်ဦး၊ တစ်တန်းစားက တစ်တန်းစား နှိမ်ရုံတွင် မဟုတ်ဘဲ တစ် တိုင်းပြည်က တစ်တိုင်းပြည်ကို နှိမ်လာ၏ ။

ထို့ကြောင့် ဗမာပြည်များ ဆိုလျှင် အုပ်စိုးကြတဲ့ လူအများ ရဲ့ နိုင်ငံရေး က တစ်မျိုး၊ နယ်ချဲ့စနစ်ဆိုတာကို အမှီပြုနေ၏ ။ အုပ်စိုးခံရသည့် ဗမာလူမျိုးတွေ ၏ နိုင်ငံရေး က တစ်မျိုး လွတ်လပ်ရေး အခြေခံထားလျှက်ရှိချေ၏ ။

လွတ်လပ်ရေး လိုချင်တယ်ဆိုတာမှာ လည်း ဗမာလူမျိုး တွေ ငတ်ငတ်ပြတ်ပြတ်နေရတာ က ဝဝလင်လင်စားချင်လို့ ကုသိုလ်လုပ်ချင်လို့ပင် ဖြစ်လေသည်။

ထို့ကြောင့် နိုင်ငံရေး တွင် သူ့အကျိုး သူ့အမြတ်နှင့် ဝါဒတွေ မိုးမွှန်နေခြင်းပင်။ တစ်ချို့ ကတော့ “ဝါဒ” ဆိုတာ မလိုပါဘူး။ ဗမာပြည် ဗမာပြန်ရပြီး ဗမာ့အကျိုး ဆောင်ရွက်လျှင်ပြီးတာပဲဟု ပြောကြ၏ ။ ပြောကြတဲ့လူတွေ ကိုယ်တိုင်က သူတို့အကျိုး သူတို့အမြတ်အရ ဖြစ်တဲ့ ဝါဒကို ဟောနေမှန်း၊ လုပ်နေမှန်းမသိကြပေ။ သိလျှင်လည်း လိမ်ခြင်းပင် ဖြစ်၏ ။ ဝါဒအကြောင်း နောက်အခန်းများ တွင် ရေး ဦးမည် ။

ဤကား နိုင်ငံရေး ၏ သဘောကို အကြောင်းနှင့် အကျိုးယှဉ်၍ တွေးပုံပင် ဖြစ်၏ ။ ထို့ကြောင့် ပင် ဤနည်းအရ ဖြစ်သော နိုင်ငံရေး အစစ်မှာ တဘောင်၊ စနည်းတွေ ရွတ်ရ သည့် နိုင်ငံရေး များ လို မလွယ်ပေ။

တိုင်းပြည်ကောင်းစားအောင် အပြောကား လွယ်၏ ။ အလုပ်ကား ခက်၏ ။ ဥပမာ ဆင်းရဲသားတွေ လယ်မဲ့နေ တယ်။ လယ်ရအောင် လုပ်ပေးမယ်ဆိုလျှင် ပထမ ဗမာပြည် မှာ ဘယ်နှစ် ယောက် လယ်မဲ့နေတာကို သိရမည် ။ ဒုတိယ သိသလောက် လူတွေကို ပေးစရာမြေ ရှိ၊ မရှိ၊ ရှိပြန်လျှင် လည်း ဘယ်လိုလုပ်၍ ဘယ်လောက်စီဝေပေးရမည် ကို သိရ မည် ။

သစ်တောထွင်၍ ပဲ မြေရအောင်လုပ်မလား။ ချစ်တီး တွေ လက်ထဲကပဲ အတင်းလုမလား။ လုပါပြီတဲ့၊ ချစ်တီးတွေ မရှိလို့ လယ်သမားတွေ လယ်စိုက်ပျိုး၊ ပျိုးနုတ်ဖို့၊ လယ်စရိတ်



ဒေါက်တာဘမော်

တွေ မရှိလျှင် ဘယ်သူကပေးမလဲ၊ လယ်တွေ ဖွံ့ဖြိုးအောင် ခေတ်သစ်နည်းတွေ နဲ့လုပ်ဖို့၊ ဘယ်သူတွေ က ဘာသစ်ပေး မလဲ။ ဘယ်လိုကိရိယာမျိုး ဘယ်ကကူမလဲ၊ ဝယ်ယူမလား၊ နိုင်ငံခြားက လယ်ယာစိုက်ပျိုးရေး အတွက် ကျွမ်းကျင်တဲ့လူ တွေ ခေါ်ယူမလား။

သည်လိုဆိုလျှင် ငွေတွေ တက်တက်စင်ကုန်မည် ။ ကုန်လျှင် ဘယ်ကရမလဲ။ တိုင်းပြည်ကရတဲ့ အခွန်တွေ က များ လွန်းလို့ မလောက်ဘူးတဲ့ ၊ ဘယ်ကချေးမလဲ၊ ဗမာတွေ ဆီကလား၊ နိုင်ငံခြားအစိုးရတွေ နှင့် မဟာမိတ်လုပ်ပြီး သူတို့ ဆီက ချေးမလား၊ ချေးတယ်ဆိုရင်ပဲ အလကားရမှာ မဟုတ်။ သည်တော့ သူတို့လိုချင်တဲ့ စီးပွားရေး ၊ နိုင်ငံရေး အချက် အလက်တွေ ပေးရလိမ့်မယ်။ ဤကဲ့သို့ တမျှော်တခေါ်ကြီး စဉ်းစားရ၏ ။ ငှက်ပျောသီးနွှာစားသလို မလွယ်။

ရုရှားပြည်မှာ သူပုန်ကြီးပြီးစက စက်မှု လက်မှု လုပ်ငန်း တွေ ကို ကိုယ်ပိုင်လုပ်ငန်းတွေ အ ဖြစ် မဟုတ်ဘဲ ဘုံလုပ်ငန်း အ ဖြစ် လုပ်ချင်သော် လည်း ချက်ချင်း

လုပ်ရန် အရင်းအနှီးမရှိ၊ အခြားအကြောင်းများ လည်းရှိသဖြင့် နိုင်ငံခြားမှ အရင်းအနှီး တွေ ခေါ်ပြီး လုပ်ကြရ၏ ။ ဤကား တကယ့်နိုင်ငံရေး ပင် ဖြစ်၏ ။

အကြောင်းနှင့် အကျိုးမှန်သည့် နိုင်ငံရေး ပင် ဖြစ်၏ ။ နဖူးတွေ ့ ဒူးတွေ ့ အထည်ကိုယ်ဒြပ်နှင့် နိုင်ငံရေး ဖြစ်၏ ။



သခင်သိန်းမောင် (မီးတုတ်)

ဂါထာမန္တရားတွေ မန်းလို့ရတဲ့ နိုင်ငံရေး ကတော့ဖြင့် စာအုပ် ထဲတွင် သာ ဖတ်ရဖူး၏ ။

ယင်းသို့ လျှင် နိုင်ငံရေး သဘောတရားကို ဖော်ပြရာ၌ ဦးဘဘေကြီးပြောသလို " ညစ်ပတ်တဲ့အလုပ်လား" ဆိုသည့် မေးခွန်းကိုလည်း ဖြေလို၏ ။ ဦးသိန်းမောင်ကြီး ကတော့ ဝန်ခံ သွားရှာပြီ။ ညစ်တတ်တယ်တဲ့၊ "သူ ကတော့ မလုပ်ချင်" ဟု ဖြေခဲ့ပြီ။ တေမိမင်း အားကျလို့ထင်၏ ။ ယခုတော့ ဆွဲချခေါ်တဲ့ ရှေ့နေချုပ်ကြီး ဖြစ်နေတယ်။ အမှန်မှာ နိုင်ငံရေး သည် လောကီရေး ပင် ဖြစ်၏ ။ နိုင်ငံရေး မှာ နိဗ္ဗာန်ရောက်ကြောင်း တရားမဟုတ်။ သို့ သော လည်း လောကီရှိမှ လောကုတ် ရှိနိုင်၏ ။ လောကုတ်ရှိမှလည်း လောကီရှိနိုင်၏ ။

အာမတောင့်မှ သီလစောင့်နိုင်၏ ။

ထို့ကြောင့် နိုင်ငံရေး ကား ပင်မတည်း။ သူ့ကို လက် လွှတ်၍ မ ဖြစ် ။ အားလုံးနှင့် ဆိုင်၏ ။ လောကီရေး ဖြစ်သော် လည်း ညစ်ပတ်သည့် အလုပ်ဟု လုံးလုံးမဆိုသာ။ ပရဟိတ အတွက်ဟူ၍ နိုင်ငံရေး တွင် ပြောဆိုသည့် စကားပင်လျှင် လူတို့၏ တိုးတက်လေသော မွန်မြတ်သည့် စိတ်ထားကို ပြခြင်းပင် ဖြစ်လေ၏ ။ လူ၏ ထူးခြားချက်မှာ လည်း မိမိတို့၏ အကျိုးစီးပွားကို တိုးတက်အောင် ကြံဆောင်တတ်သော အသိဉာဏ်ပင် ဖြစ်၏ ။ ထိုအသိဉာဏ်ရှိ၍ သာ ဘာသာတရား တွေ ဘာတွေ ပေါ်ပေါက်လာပြီး လူတွေ ရဲ့ စိတ်ချမ်းသာမှု ၊ ကိုယ်ချင်းစာမှု ကို ရှာဖွေနေခြင်း မဟုတ်ပါလော။

လူတွေ သည် ပြုပြင်လို့ရ၏ ။ ပြုပြင်လို၏ ။ တိုးတက် လို၏ ။ ဤအချက်မှာ ထင်ရှားနေပေပြီ။ စင်စစ် နိုင်ငံရေး မှာ ထိုပြုပြင်တိုးတက်လိုသည့် ပင်မတရားကြီးတစ်ရပ်ပင် ဖြစ်၏ ။ ထိုတရားကား........လောကီနိဗ္ဗာန်ကို နောက်ဆုံး ရည်မှန်းပေ ၏ ။ ထို့ကြောင့် အဘယ်မှာ ညစ်ပတ်ရမည် နည်း။

အထက်တွင် နိုင်ငံရေး ဟူသည့် (စကားသဘောအနက် အဓိပ္ပာယ်အကျယ်အဝန်း) ကို တိုင်းထွာပြခဲ့ပြီ။ ထုတ်ဖော် ပြခဲ့ပြီ။ နိုင်ငံရေး အမျိုးမျိုးအကြောင်းကို ရာဇဝင်နှင့် ချီ၍ မရေး ခင် နိုင်ငံရေး ဆို (ချို) နှင့် လားဟု ထင်သူမြင်သူမြင်နေကြသဖြင့် နိုင်ငံရေး ဆိုတာ ဟိုလိုမဟုတ် သည့်လိုပါဟု အပြေးအလွှား ရေး သားခဲ့ရလေသည်။ သို့ မှသာ ကျွန်တော် လိုချင်သည့် သိသည့် မြင်သည့် နိုင်ငံရေး သို့ ရောက်ပေမည် ။ အများ အားဖြင့် စင်မြင့်ပေါ်တက် အသံကျယ်ကျယ်အော်၊ ဟိုဆဲသည်ဆဲဆိုလျှင် နိုင်ငံရေး ဟုထင်၏ ။ ဤအရာမျိုးကား နိုင်ငံရေး မဟုတ်။ လူပိန်းကြိုက်၊ လူပေါ်စားအလုပ်မျိုး ဖြစ် သည်။

အချို့ နိုင်ငံရေး သမားနှင့် လူငယ်များ သည် သည်လို အပေါ်စားအလုပ်ကိုပင် တကယ့်တကယ်ကြီး ထင်ကာ ဟစ်တလာ ယောင်ယောင်၊ မူဆိုလီနီ ယောင်ယောင် ဝါးကြ သည်ကို တွေ့ ရလေ၏ ။ သည်လို ဝါးကြသူများ မှာ ကြာ



အီတလီဖက်ဆစ်အာဏာရှင် မူဆိုလီနီ

ရှည်မခံတတ်။ အချိန်တန်လျှင် သူ့နဂိုပေါ်လာသဖြင့် လူ အများ အထင်ကြီးသလောက်မဟုတ်၍ တိမ်မြှုပ်၍ သွားကြ သည်သာ များ လေသည်။ အချို့ကလည်း စဉ်းစားသော ဤခေတ်တွင် ပေါ်လာသော ဝါဒများ ကိုကြားရပြီး မဟုတ် တန်းလျား ပြောလိုပြော၊ ရေး လိုရေး ၊ သီချင်းစပ် တွေ ့ရပေ သည်။ လောကီဓာတ်တွေ နှင့် မင်းလောင်းမျှော်လိုမျှော် စောင့် လိုစောင့် "လူမတန် ကံချို့" ဆိုသည့်စကားအတိုင်း ၊ ကံညံ့၍ စိတ်ကူးလွဲကြခြင်း ဖြစ်၏ ။ မင်းလောင်းမျှော်သည်ဆိုတော့ စကြာမင်းကြီးတောင် အရပ်စူးစူးက ဘီလူးကြီးစီးပြီး လာ တော့မလို ဘာလိုလို မဟုတ်မဟတ်သည့် စိတ်ကူးမျိုး ကူးကြပြန်၏ ။

ဤလောကတွင် ကျွန်တော့် အယူအဆအရ ဤခေနနှင့် လောကတွင် အမှန်ကိုပြောလျှင် မခံချင်ကြ ။ ဘုရားတရား ကြည်ညိုကြသည်ဆိုသော ဤခေနရှင် လောကသားတို့သည် စကားခြောက်ခွန်းအနက် စကားကြီးနှစ် ခွန်းကို နှုတ်ဖျားဖြင့် သာ တူကြ၏ ။ တကယ်ကြားရလျှင် မခံချင်သူက များ ၏ ။ သည်ကောင် တယ်ဘုကျတာပဲ၊ သည်ကောင် တယ်စကား ပြော မိုက်ရိုင်းတာပဲ၊ သည်အကောင် တယ်အာကြမ်းတာပဲ၊

သည့်ကောင်က ဘာလဲ မျက်နှာပေါက်ဆိုးဆိုး၊ အောက် သိုးသိုးနဲ့ သူ့ကိုယ်သူ ဟစ်တလာ ထင်နေလို့လား ဘာလား နှင့် မအီသံ မအဲသံများ ကြားရဖူး၏ ။ အဆိုးမို့ အဆိုးထင်ကြ



မိုလ်တာရာ (ရဲဘော်သုံးကျိပ်)

သည်ကား အရေး မကြီးလှ။ အကောင်းပြောသည့်ကို အဆိုး ထင်ကြသည်က များ ၏ ။ ပါးစပ်က ဘယ်လောက်အမှန် ကြားချင်တယ်ပြောပြော ဘယ်သူမှ ကိုယ်နှင့် ဆိုင်လျှင် အမှန် မကြားချင်ကြချေ။ ကျွန်တော် လည်း အပါအဝင်ပင်။ ကျွန်တော် မငြင်း၊ မကြားချင်၊ သို့သော် ကြားရသည့်အချိန် တွင် ကြားရဲ၏ ။ ဝန်ခံသင့်သည်ထင်လျှင် ဝန်ခံရဲ၏ ။ ဦး မလေး၊ ထို့အတူ ပြောချိန်တန်လျှင် ပြောရဲ၏ ၊ လူမုန်းမှာ မကြောက်။

ဤကား... စကားချပ်။

ကမ္ဘာလောကဓာတ်ကို သူ့သဘာဝ၊ သူ့မူ၊ သူ့ကိန်း အလျောက် သိလျှင်မှ မည် သူမျှ အာဏာရှင်မင်းလောင်းတို့ကိုမျှော်နေမည် မဟုတ်။ ခေါင်းဆောင်ကောင်းတို့လည်း စောင့် စားနေမည် မဟုတ်။ မိမိဝတ္တရားအားအင်ကို သိလျှင် သိသည့် အလျောက် လူတိုင်းကြိုးစားကြမည် ။ မင်းလောင်း မျှော် နေစရာ မဟုတ်။ ဘယ်နေရာကမှ

မင်းလောင်းပေါ်မည် မဟုတ်။ စကြာမင်းဆိုသော်လည်း မရှိ၊ လာမည် မဟုတ်။ ပေါ်လျှင်လည်း သူလိုငါလိုထဲမှ ရာဇဝင်ကိန်းခမ်း အလျောက် (ဝါ) အရေး ပေါ်သည့်အခါ၊ အခါအလျောက် ဆောင်ရွက်ရန် စွမ်းရည်သတ္တိရှိသူသည် မုချဆက်ဆက် တကယ့်ခေါင်းဆောင် ဖြစ်မည် ။ ထိုသူသည် သင်လည်း ဖြစ်နိုင်၏ ။ ငါလည်း ဖြစ်နိုင်၏ ။ ထို့ကြောင့် သင့်စိတ်ဝင် ကိန်းအောင်းနေသော လူညံ့စိတ်ကိုဖျောက်ပြီး နိုင်ငံရေး ကို လိုက်စားစမ်းပါ။ "ယောက်ျားတံခွန်၊ လူရည်ချွန်က ကောင်း ကင်တမွတ် ကြယ်ကိုဆွတ်လည်း မလွတ်စတမ်းရမြဲလမ်း" ဆိုထားတယ်မဟုတ်လား။

တချို့ကလည်း ဆင်းရဲသားဝါဒဆိုလျှင် လူတွေ အကုန် ဆင်းရဲသားဘဝ၊ ဆင်းရဲသားအနေမျိုး နေရမည် ဟု ကလေး တွေး တွေး ပြီး ကျုပ်တို့ဝါဒက ဆင်းရဲသားဝါဒ မဟုတ်ဘူး။ သူဌေးဝါဒ၊ ဘယ့်နှယ့် ဆင်းရဲသားဝါဒဆိုပြီး ပိုးလုံချည်နှင့် ပါလားဗျ။ သူဌေးဝါဒက လူတိုင်း သူဌေး ဖြစ်မယ်ဟု တကယ့် မနူးမနပ်များ အများ အပြားကို တွေ့ရ၏ ။ ဤ လူစားမျိုး အကျပ်ဆုံး ဖြစ်၏ ။ တကယ့် လူဝွအစစ် ဖြစ်၏ ။မိမိကို တတ်သည်ဟုလည်း ထင်၏ ။ အမှန်မှာ မတတ်။ တကယ်တတ်၍ အထင်ကြီးသူကို ဆိုးမဆိုသာ။ တကယ် မတတ်ဘဲ အထင်ကြီးသည့် တတ်ယောင်ကားတို့ကိုကား မကြားချင်လည်း နားပိတ်ထားကြ။ ကျုပ်တော့ အလွန် စက်ဆုပ်၏ ။ အော့နလုံးနာ၏ ။ ဆန်ကုန်မြေလေး တကယ့် အစစ် ဖြစ်၏ ။ သည်လို မနူးမနပ်တွေ အကြောင်း ရေး ရလျှင် ပုဂံရာဇဝင် တုတ်ထမ်းပြောရသလို ပြောရမည် ဖြစ်၏ ။ ဒုနှင့် ဒေး နိုင်ငံရေး ဆို (ချို) နှင့် လားဟု တောရွာမှာ ရှိသည့် မသိနားမလည်သူတွေ နှင့် မတိမ်းမယိမ်းနိုင်။

နိုင်ငံရေး အကြောင်းတွေး လျှင် ဝါဒ ပါစမြဲ ဖြစ်၏ ။ ဝါဒ မရှိသည့် နိုင်ငံရေး ဟူ၍ ဘယ်ကမ္ဘာတွင် မှာ မှ မရှိ။ ဝါဒ



**သခင်ကိုယ်တော်မှိုင်း**

မလိုပါဘူး၊ ဗမာဆိုလျှင် ဗမာစိတ်ရှိတာပဲ၊ ဗမာကောင်းစား ဖို့ဆိုလျှင် လူတိုင်းလိုချင်တာပဲ။ ဝါဒ ဆိုတာပေါ့၊ ဘာခေနရှင် ဝါဒ ဘာဝါဒနှင့် စာချဲ့နေစရာလိုသလဲ စသည်ဖြင့် ပြောကြ ၏ ။ တစ်ရံသော အခါ ပဲခူးမြို့တွင် ခေနရှင်ကြီး တစ်ယောက် ပြောသည်ကို မှတ်လိုက်ရဖူး၏ ။ အမှန်မှာ နိုင်ငံရေး နား မလည်၍ တစ်ကြောင်း သူ၏ အတန်းစားစိတ်အမြင်နှင့် ဆန့် ကျင်၍ တစ်ကြောင်း ဝါဒမလိုဟု ပြောလိုက်ခြင်းပင် ဖြစ်၏ ။ ဝါဒမရှိလျှင် ဘယ်လို နိုင်ငံရေး လုပ်နိုင်မလဲ၊ ယခုလက်ရှိ ဝန်ကြီးတွေ ၊ အုပ်ချုပ်ရေး မကောင်းသည်ကို အပထား၍ အုပ် ချုပ်ရေး အရ လုပ်နိုင်သမျှဖန်တီးသမျှကို ထိထိရောက် ရောက် လုပ်တတ်ခြင်းမရှိ။ ပညာရေး ဝန်ကြီးချုပ်ဆိုသူ တစ်ဦး နှင့် တွေ့ဖူး၏ ။ ပညာရေး ဆိုတာ ဘာလဲလို့မေးတော့ ကျုပ် ခင်ဗျားနဲ့ ငြင်းနေဖို့မဟုတ်ဘူး။ ကျုပ် လွှတ်တော် ထဲမှာ ပဲ ငြင်းတယ်ဆိုလျက် ရှောင်သွားဖူး၏ ။ မိမိကိုယ်ကို နာမည်ကြီး အောင် ကြွယ်ဝအောင်လုပ်တတ်မှ နိုင်ငံရေး ဖြစ်၏ ။ တိုင်း ပြည်ရဲ့ အနာဂတ ဘာလဲ။ သည်အနာမှာ လွတ်ရာလွတ် ကြောင်း ဖြစ်တဲ့ လောကနိဗ္ဗာန်လမ်းဟာ ဘယ်လိုရှိသလဲဟု စိတ်ကူးမှာ မကူးတတ်။ စိတ်ကူးတတ်ရန်မှာ ဝါဒအရင်းခံ ဖြစ်လေသည်။

လောကမှာ ထွက်ရာထွက်ကြောင်းအရင်းခံ၍ ဘာသာ အမျိုးမျိုးရှိ၏ ။ သူ့ဝါဒ သူ့အယူနှင့် ရှိ၏ ။ သည်ဝါဒသည်



သခင်ကိုယ်တော်မှိုင်း

အယူတွေ အနက် ဘယ်သင်းလိုက်မလဲ။ ဗုဒ္ဓဘာသာ ဗုဒ္ဓဝါဒ ကြိုက်သူ ဗုဒ္ဓဘာသာအလိုက်၊ မဟာဗေဒင် ဝါဒကြိုက်သူ မဟာဗေဒင် ဝင်လုပ်ကြ၏ ။ ဤအတိုင်း နိုင်ငံရေး တွင် ထပ်တူ ဖြစ်၏ ။ ဝါဒတူကြလျှင် ဘာကြောင့် နိုင်ငံရေး ဂိုဏ်း တူတွေ ကွဲလွဲစရာလိုသလဲ၊ ဝါဒမတူလို့သာ ကွဲသည်ဟုမှတ်။ ယခုအခါ ညီညွတ်ရေး စကားကို တော် တော် ပြောကြ၏ ။ ညီညွတ်လို့ ရနိုင်တဲ့ ညီညွတ်ရေး လား စဉ်းစားရမည် ။ ပုဆိုးရှည်ကိုင်ပြီး တိုင်းပြည်လွတ်လပ်ရေး စကား မထည့်လို။ ထည့်လျှင်လည်း ညီညွတ်ရေး ပျက်ပြားမှု ဟု ယူဆ၍ လုပ် သော ညီညွတ်ရေး သည် ညီညွတ်ရေး အစစ်မဟုတ်၊ တိုင်း ပြည်အတွက် လုံးဝမကောင်း၊ ဤညီညွတ်ရေး မျိုးကား ရှိ သည်ထက် မရှိခြင်းက ကောင်း၏ ။ ဤကဲ့သို့ ရောင် ဝါးဝါး လုပ်ကြခြင်းသည် ဝါဒအခြေခံ မရှိသူများ ဖြစ်သော

ကြောင့် ထင်ရှားစေ၏ ။ ထို့ကြောင့် နိုင်ငံရေး နှင့် ဝါဒခွဲလို့မရ။ ဝါဒ ရှိမှရမည် ။ ဝါဒ ဆိုသည့်မှာ လည်း မိုးပေါ်က ကျမလာ။ ဘယ်ကျောက်စာ၊ ဘယ်သိုက်မှ တူးဖော်၍ ကြည့်စရာမလို။ ထာဝရဘုရားသခင်ကလည်း ဖန်ဆင်းမပေး။ ဝါဒ ဆိုသည် မှာ သူ့ခေတ်သူ့ဒေသ သူ့ကိန်းအလျောက် ပေါ်လာရ၏ ။ ကမ္ဘာ့ရာဇဝင်အစီအစဉ်တွင် ႏ ရုပ်နှင့် နာမ် ပြောင်းလဲဖောက် ပြန်မှု ကြောင့် ရုပ်နှင့် နာမ် အပြန်အလှန်ဆက်ဆံမှု ကြောင့် ဝါဒဆိုသည့် စကားကြားရ၏ ။ ဝါဒဆိုသည့်အကြံ လုပ် ရ၏ ။

ယခု ကမ္ဘာတစ်လွှားတွင် အထင်အရှားအားဖြင့် ဝါဒ ကြီး သုံးမျိုးရှိ၏ ။ တမျိုးသားနေရှင်ဝါဒ၊ တစ်မျိုးကား ဘုံဝါဒ ခေါ် ဆိုရှယ်လစ်ကွန်မြူနစ်ဝါဒ၊ တစ်မျိုးကား ဖက်ဆစ်ဝါဒ သုံးမျိုးသုံးစား အထင်အရှားရှိ၏ ။ ကြားဝါဒများ လည်းရှိသေး၏ ။ ဤဝါဒသုံးမျိုး မိုးပေါ်မှကျမလာ။ သူ့အလို အလျောက် အကြောင်းအထောက်အခံ ဘာမှမရှိဘဲ ပေါ်မ လာ စေ့ဆော်သော အကြောင်းတရားများ ကြောင့် ဖြစ်၏ ။ ထိုအကြောင်းတရားများ သည် လူ့ဇာတ် လူ့ရာဇဝင်တွင် ႏရုပ်နာမ်အပြောင်းအလွဲကြောင့် ဖြစ်၏ ။ ဘယ်လို ပြောင်းလွဲမှု ကြောင့် ဘယ်လို ဖြစ်လာသလဲ ရာဇဝင်ခင်းကြည့်ကြစို့။

ရာဇဝင်ခင်းမည် ဆိုသော် လည်း သမားရိုးကျ ရာဇဝင် ကြောင်းအတိုင်းခင်းလျှင် အမှန်ကိုသဘောမပေါက်နိုင်၊ ဤ ရာဇဝင်ဆိုသော စကားကပင် အဓိပ္ပာယ်မပြည့်စုံ။ ရာဇဝင် ရာဇဝံသ ဤအဓိပ္ပာယ်စင်စစ်မှာ မင်းဆွေစိုးမျိုးဇာတ်ကြောင်း ကို ခေါ်ခြင်းပင် ဖြစ်၏ ။ ဤကဲ့သို့ ဗမာစကားသာ ရှိသည့်မှာ လည်း မထူးဆန်း၊ ဗမာဇာတ်ကြောင်းတစ်လျှောက်တွင် ရာဇဝင်ကို (မင်း) သာ စီရင်၏ ။ နိုင်ငံရေး ကို (မင်း) သာ ပိုင်၏ ။ ဆင်းရဲသားများ မပိုင်ခဲ့။ သို့ ဖြစ်ရကား ရာဇဝင်



ရဲဘော်သုံးကျိပ်ဝင် ဗိုလ်လရောင်

ဆိုသည်မှာ လူ့ဇာတ် လူ့အတ္တုပ္ပတ္တိအကြောင်းစဉ်ဟု မပေါ်ခဲ့။ ဗမာရာဇဝင်များကို ကြည့်မည် ဆိုလျှင် ရှေးလူတွေ ဘယ်လို နေသည်၊ ထိုင်သည်၊ ဘာလုပ်ကြသည်၊ ဘယ်လိုကြီးပွားလာ ကြသည်စသည်ဖြင့် ကျကျနနမတွေ့ရ၊ ဘယ်မင်းလက်ထက် တိုင်းပြည် သာယာဝပြောသည်၊ ဘုန်းတန်ခိုး ဘယ်လောက် ကြီးသည်၊ ဘယ်နှစ် နှစ် နန်းစံသည်၊ အိမ်နိမ့်စံ ဘယ်နှစ် နှစ် သက်တော် ဘယ်လောက်မှာ ကံကုန်သည်၊ ကံတော် ကုန်သည့် အခါ ထန်းတောထိပ်တွင် ကျိုးအာသည်၊ တော် လဲသည့် စသည်ဖြင့် သာမညတို့ကိုသာ တွေ့ရသည်သာများ သည်။ တိုတိုနှင့် ရေး ၍ အဓိပ္ပာယ်ပေါ်မည့် ကို ရှည်ရှည်ဝေးဝေးအထွန့် အတက်တွေ နှင့် ရေး စရာမရှိတိုင်း ချဲ့ထွင်ထားလေသည်။

(ရှေးလူကြီးတွေ အဆဲတော့ ခံရပြီမို့။ သို့ပေမယ့် ကျွန်တော် ရေး ထားတာအမှန်တွေ ပဲ၊ မှန်တာဟာ မှန်တာပဲ) ကျွန်တော် သက်ဝင်ယုံကြည်သော ဝါဒအရနည်းအရဆိုလျှင် ရာဇဝင်ဆိုသည်မှာ လူ့ဇာတ် လူ့အတ္တုပ္ပတ္တိကြောင်းများ မဟုတ်။

ဤကား သာမညသာ ရှိသေး၏ ။ ယခုအများ ဖတ် ကြသော ခေတ်ရာဇဝင်စာအုပ်ဖတ်ပြီး
အထင်ကြီးကြသော ခေတ်ပညာတတ်များ သည် ရာဇဝင်စာအုပ်ကြီးတွေ ကိုင်ပြီး
ရာဇဝင်သဘောတရားကို အရိပ်အမြွက်မျှ သိကြသူ ရှာမှ ရှားသည်ကို တွေ့ခဲ့ရလေသည်။
စာအုပ်ထဲပါသည့် အချက် အလက်တွေ ကိုကား သွက်သွက်ကြီး ပြောနိုင် ရေး နိုင်ကြပါ



နိုင်ငံတော်သမ္မတ စဝ်ရွှေသိုက်

ပေ၏ ။ သို့သော် လည်း ရာဇဝင်သင်ပြီး ရာဇဝင်သဘော ပေါက်ပြီးလျှင်
ရာဇဝင်စိတ်ကူး ကူးတတ်မှ အနာဂတ်ရာဇဝင် ကို ဖန်တီးမည့် ခေတ်လူတွေ
(ဝါ) တက်လူတွေ ပီသပေ မည် ။ မည် သည့်ကျမ်းဂန်စာပေမဆို ရာဇဝင် ဖြစ်စေ
တခြား စာပေပဲ ဖြစ်စေ ထိုစာပေကိုသင်အံလေ့လာရင်း အကြောင်းရင်း သည်
(ဝါ) ပရမတ်တရားသည် ထိုစာပေ၏ အနက် အဓိပ္ပာယ်သဘောကို
ပေါက်မြောက်ရန် ဖြစ်လေသည်။ သို့မှ သာ သင်အံလေ့လာရကျိုးနပ်လေသည်။
စာအုပ်တစ်အုပ်ကို ဖတ်လျှင် စာအုပ်ကို ကျော်လွှား၍ မြင်နိုင်ရမည် ။ သို့မှသာ
ပညာတည်းဟူသော အဆီအနှစ် ကို ရပေမည် ။ ထို့ကြောင့် ပညာအတတ်နှင့်
စာဖတ်တာ တစ်ခြားစီဟူ ၍ ဗမာများ ပြောလေ့ပြောထရှိလေသည်။
ပိဋကတ်သုံးပုံကို နှုတ်ငုံ၍ ဘယ်လောက်တတ်ထားသော ပထမကျော်ဘိုးအေ
ဖြစ်စေ ကာမှ သဘောမပေါက်လျှင် ပရမတ် ပညတ် မခွဲတတ်လျှင်

ထွက်ရပ်လမ်းမမြင်။ ဝိမုတ္တိရသကိုလည်း မတွေ့၊ သံသရာ ကျင်လည်မြဲ ကျင်လည်သကဲ့သို့ ရာဇဝင်စာအုပ်တွေ တပုံ တစ်ခေါင်းကြီး လေ့လာထားသည့် ရာဇဝင်ဝိဇ္ဇာ၊ ဇော်ဂျီ တပသီပင်လျှင် ဖြစ်လင့်ကစား သာမညရာဇဝင်ပညတ်နှင့် ရာဇဝင် ဖြစ်ကြောင်းတရား ဖြစ်တဲ့ ပရမတ်ကို ခွဲခြားမသိခဲ့လျှင် ရာဇဝင်သင်ရကျိုးမနပ်။ ထိုသူသည် လောက၏ ပြဿနာများ ကို မဖြေရှင်းနိုင်။ ထိုသူသည် ရာဇဝင် ဖြစ်အောင် မစီမံ တတ်။ ရာဇဝင်သည် အတိတ်က ဖြစ်ခဲ့သည့် အကြောင်းအရာ များ ဖြစ်ရကား အတိတ်ရာဇဝင် သိကာမျှနှင့် အကျိုးအလျှဉ်း မရှိ။ အချိန်ကုန်လူပန်း ဖြစ်သည်။ ရာဇဝင်သင်သည်မှာ အတိတ်အကြောင်း သိလောက်ရုံဆိုလျှင် မသင်ဘဲနေသည့် ကား ကောင်းပေသည်။ အချိန်အချည်းအနှီး ဖြစ်ရုံမျှရှိ၏ ။ လူတိုင်းလူတိုင်းမှာ ယနေ့နှင့် နက်ဖြန်ခါ ဘာ ဖြစ်မည်၊ ဖြစ်လျှင် ဘာကြောင့် ဘယ်လိုကြောင့် ဖြစ်လျှင် ဘယ်လိုစီမံနိုင်ပါ မလား၊ ကိုယ်လိုချင်တာကဘာလဲ၊ စီမံ၍ ရပ့ါမလားဆိုသည့် အချက်များ နှင့် သာ အမှန်မှာ သက်ဆိုင်ပေသည်။ ထိုအချက် များ မှာ မဆိုင်၍ မ ဖြစ် မိမိ၏ အသက်မျှသာ ဖြစ်ပေသည်။ သို့သော် ဤအချက်များ သိရန် အတိတ်ကြောင်းလှန်၍ သုံး သပ်ရပေမည် ။ ထိုအတိတ်အကြောင်းအရ သိရသော ဉာဏ် အမြင်နှင့် ရှေ့အနာဂတ်လမ်းကို မှန်းဆတီထွင်ရပေမည် ။ ဤသည်သာလျှင် ရာဇဝင်သင်နည်း အစစ် ဖြစ်လေသည်။ ဤနည်းကို “လောဂျစ်” (Logic) ခေါ် သာမည အတ္တဗေဒ အလိုအရဆိုလျှင် ဒီဒပ်တစ် အင်ဒပ်တစ် (၂) နည်းပေါင်းသော ဆိုက်ကိုလိုဂျီ (Psychology) နည်းဟု ခေါ်လေသည်။ ဥပမာ မောင်ဘသည် လူ ဖြစ်၏ ။ လူသည် တစ်နေ့သေရမည် ။ ဤကား ဒီဒပ် တစ်နည်းဟူလို၊ မောင်ဘ သည်သေ၏ ။ မောင်စသည် သေ၏ ။ အားလုံးသေ၏ ။ ထို့ကြောင့် လူဆိုတာ ပဏ္ဍာပါတ်သေမျိုးကို ဒါက အင်ဒပ်



**၁။ဗိုလ်ထွန်းလင်း၊ ၂။သခင်သန်းထွန်း၊ ၃။သခင်စိုး**

တစ်နည်းဟူလို၊ သို့ ပေမယ့် သည့်၄င်းက တစ်ကယ်စေ့စပ် မသေချာ၊ ရုပ်သဘော နာမ်သဘော ပရမတ်သဘော ကောင်းကောင်းမပါ။ အခြေမခိုင်။ သာမညသမားရိုးကျဖြစ်၏ ။ တကယ့်ရာဇဝင်သင်နည်းက ရုပ်လက္ခဏာ အခြေခံ သည့် အနုပဋိလောမနည်းမှ မှန်လေသည်။ ဤကား နိုင်ငံ ရေး အဘိဓမ္မာဆရာကြီး ကားလ်မတ်၏ အယူတည်း။

နိုင်ငံရေး အဘိဓမ္မာဆရာကြီး ကားလ်မတ်သည် ဤရုပ် လက္ခဏာအခြေခံသော အနုပဋိလောကမတရားအရ ရာဇဝင် ကို ကြည့်ရှုလိုသည့်အခါ အမျိုးလေးပါး (ဝါ) လူအတန်း အစားအချင်းချင်း ပဋိပက္ခ အချင်း ဖြစ်ပွားကြသည်ကို ရာဇဝင် တစ်လျှောက် ထင်မြင်ရပေမည် ဟု ဆို၏ ။ ဤကဲ့သို့ လူ့ အတန်းအစားအချင်းချင်း အပြန်အလှန်ပဋိပက္ခ ဖြစ်ခြင်းမှာ တစ်ဆင့်ထက်တစ်ဆင့် တစ်မျိုးပြီးတစ်မျိုး ပြောင်းလွဲလာ ပေသည်။ ဥပမာ....ပထမခေတ်တွင် မင်းမျိုး ကြီးစိုးလျှင် သူဌေးမျိုး၏ ကြီးစိုးမှု အရာ မခံနိုင်သော ဆင်းရဲသားအမျိုး သည် ထိုသူဌေးမျိုးကို ပြန်၍ ပဋိပက္ခပြု၍ (ဝါ) ပဋိပက္ခ နိရောဓ ဖြစ်စေ၍ တတိယခေတ်တွင်

ကြီးစိုးလာ၏ စသဖြင့် အသွင်အမျိုးအစားပြောင်းသော်လည်း အခြေခံသဘောမှာ ယခုလက်ရှိ လူ့စနစ်ကြီးတွင် မင်းနှင့် သူဌေး၊ သူဌေးနှင့် ဆင်းရဲသား အစရှိသဖြင့် အချင်းချင်းများ လာကြသည်ကိုသာ ရာဇဝင်ကြောင်းတစ်လျှောက်ကို ကြည့်လျှင် တွေ့ ရပေသည်။



ဗမာပြည် ဒီမိုကရက်တစ်ပါတီအဖွဲ့ချုပ်
ဥက္ကဋ္ဌသခင်ဗစိန် (၁၉၅၈ ခုနှစ်)

ထိုကဲ့သို့ ဖြစ်ရသည်မှာ အဘယ်ကြောင့် နည်း။ မူလတရား တည်းဟူသော စီးပွားရေး စနစ်အခြေခံကြောင့် ဖြစ်၏ ။ စီးပွား ဖြစ်သည့်နည်းပြောင်းလျှင် စီးပွားရေး စနစ်လည်း ပြောင်း၏ ။

စီးပွားရေး စနစ်ပြောင်းလျှင် လူမှု ဆက်ဆံရေး နိုင်ငံရေး ရာဇဝင်အဆင့်အတန်းပါ ပြောင်းလာလေ၏ ။ ဤသို့ လျှင် တစ်ခုနှင့် တစ်ခု အညမညပစ္စည်း ဆက်သွယ်နေ၏ ။ ဤသို့ နိုင်ငံရေး အဘိဓမ္မာဆရာကြီး ကားလ်မတ် က မြင်၏ ထင်၏ ”

နိုင်ငံရေး ဆိုတာ

လူငယ်တို့ရေ...

နိုင်ငံရေး ဆိုတာ အင်မတန် ကျယ်ပြန့်နက်နဲတယ်ကွဲ့။ နိုင်ငံရေး ရဲ့ ခေါင်းစဉ်အောက်မှာ နိုင်ငံရေး ယဉ်ကျေးမှု (Political Culture) နိုင်ငံရေး ဘောဂဗေဒ (Political Economy) နိုင်ငံရေး ပထဝီဝင် (Political Geography) နိုင်ငံရေး ဒဿန (Political Philosophy) နိုင်ငံရေး သိပ္ပံ (Political Science) နိုင်ငံရေး ကျွမ်းဝင်မှု ခေါ် နိုင်ငံရေး လူမှု ဆက်ဆံမှု (Political Socialization) နိုင်ငံရေး လူမှု ဗေဒ (Political Sociology) နိုင်ငံရေး စနစ် (Political System) နိုင်ငံရေး သဘောတရား (Political Theory) နိုင်ငံရေး ပေါင်းစည်းခြင်း (Political Union) နိုင်ငံရေး ခိုလှုံ ခွင့် (Political Asylum) စတဲ့ အကြောင်းအရာတွေ ရှိနေတာမို့ အဲဒါတွေ ကိုလည်း လေ့လာသိရှိထားသင့်တယ် ကွဲ့။

နိုင်ငံရေး ယဉ်ကျေးမှု

နိုင်ငံရေး ယဉ်ကျေးမှု ဆိုတာက နိုင်ငံရေး စနစ် လှုပ်ရှား လည်ပတ်မှု ကို ကျောထောက်နောက်ခံပြုသော လူ့အဖွဲ့ အစည်းတစ်ခုရဲ့ သဘောထားများ ၊ သက်ဝင်ယုံကြည်မှု များ နဲ့ တန်ဖိုးတွေ ပါပဲ။ နိုင်ငံတစ်ခုမှာ တည်ရှိနေတဲ့ နိုင်ငံရေး စနစ် လှုပ်ရှားလည်ပတ်တာနဲ့ပတ်သက်ပြီး လူအများ ဘယ်လောက် သိရှိသလဲ၊ နားလည်သဘောပေါက်သလဲ၊ အကောင်းမြင် ခြင်း၊ အဆိုးမြင်ခြင်း ဘယ်လိုရှိသလဲစတဲ့ အဲဒီ လူ့အဖွဲ့အစည်း ရဲ့ နိုင်ငံရေး ယဉ်ကျေးမှု ကို ဖော်ပြမှု ပါပဲ။



သခင် ခင်ဇော်



**သခင်စိုးနှင့် ဇနီးမောင်နှံ**

အချုပ်အားဖြင့် နိုင်ငံတစ်နိုင်ငံရှိ နိုင်ငံသားတွေ အနေနဲ့ နိုင်ငံရေး မှာ ဘယ်လိုပါဝင်ဆောင်ရွက်သလဲဆိုတဲ့ အချက်က နိုင်ငံရေး ယဉ်ကျေးမှု ရဲ့ အဆင့်အတန်းကို ပြနေတာလို့ ဆို ကြပါတယ်။ တိုင်းသူပြည်သားတို့က အစိုးရအနေနဲ့ မည် သို့ မည် ပုံ လုပ်ဆောင်သင့်တယ်လို့ စဉ်းစားတွေးခေါ်ခြင်းဟာ နိုင်ငံရေး ယဉ်ကျေးမှု မှာ အကျုံးဝင်နေပါတယ်။ ဒါပေမယ့် နိုင်ငံရေး ယဉ်ကျေးမှု ဟာ နိုင်ငံရေး သဘောတရား (Political ideology) နဲ့ လုံးဝခြားနားတယ်ကွဲ့။ လူအများ ဟာ နိုင်ငံရေး သဘောတရားမှာ တစ်ဦးနဲ့တစ်ဦး မတူ ကွဲပြား ခြားနားနိုင်တယ်။ နို့ပေမယ့် အများ ဆိုင် နိုင်ငံရေး ယဉ်ကျေးမှု ပိုင်းမှာ ရပ်တည်ပုံချင်း၊ ရှုမြင်ပုံချင်း တူညီနိုင်တယ်။ ဥပမာ အချို့နိုင်ငံများ မှာ လူအများ ဟာ နိုင်ငံရေး ဆောင်ရွက်သူများ ကို ယုံကြည်မှု လျော့နည်းတယ်။ နိုင်ငံရေး သမားတွေ မှာ ကိုယ်ကျိုးရှာသူက များ တယ်လို့ ယူဆကြတယ်။ အဲဒီ လူတွေ ဟာ ရွေးကောက်ပွဲကို စိတ်ဝင်စားမှု မရှိဘူး။ အချို့နိုင်ငံများ မှာ တော့ လူအများ စုဟာ နိုင်ငံရေး ဆောင်ရွက်နေတဲ့ နိုင်ငံရေး သမားတွေ ကို မိမိတို့ကိုယ်စား အများ အကျိုးဆောင်ပေးနေသူများ လို့ သဘောထားကြတယ်။

နိုင်ငံအတွက် ကောင်းမွန်သော မူ ဝါဒများ ၊ ကောင်းမွန်သော ဆုံးဖြတ်ချက်များ ချမှတ်နိုင်ရန် မိမိတို့ (ပြည်သူများ ) ကလည်း ပံ့ပိုးကူညီဆောင်ရွက်ပေးရ မယ်လို့ ခံယူထားကြတယ်။ တိုင်းပြည်အကျိုးဆောင်ရွက်မယ့် လူတော် လူကောင်းတွေ ကို ရွေးချယ်ပေးရန် မိမိတို့မှာ တာဝန် ရှိတယ်လို့ ခံယူကာ ရွေးကောက်ပွဲတွေ မှာ လေးလေးစားစား ပြည်သူ့ကိုယ်စားလှယ်လောင်းတွေ ကို မဲပေး ရွေးချယ်ကြ တယ်။ အဲဒါတွေ ကတော့ နိုင်ငံရေး ယဉ်ကျေးမှု နမူနာလေး တွေ ပဲ ဖြစ်ပါတယ်။

နိုင်ငံရေး ဘောဂဗေဒ

တကယ်တော့ ကုန်ထုတ်လုပ်ခြင်း၊ ဝယ်ခြင်း၊ ရောင် း ခြင်းတို့နဲ့ တရားဥပဒေ၊ အကောက်ခွန်၊ အစိုးရတို့ ဆက်စပ် နေမှု ကို လေ့လာသော ပညာရပ်ပါပဲ။ နိုင်ငံများ ရဲ့ ဓန သဘောသဘာဝများ နဲ့ ဓန ဖြစ်ခြင်း အကြောင်းတရားများ ကို လည်း နိုင်ငံရေး ဘောဂဗေဒက စူးစမ်းလေ့လာတယ်။ နိုင်ငံရေး ဘောဂဗေဒဟာ ၁၈ ရာစုမှာ နိုင်ငံများ ရဲ့ စီးပွားရေး အခြေအနေများ နဲ့ နိုင်ငံရေး အနေအထားများ ကို ဆက်စပ်လေ့ လာရာမှ ဖွံ့ဖြိုးလာတဲ့ ပညာရပ် ဖြစ်ပါတယ်။ နိုင်ငံရေး ဘော ဂဗေဒ ဆိုတဲ့စကားလုံးကို ၁၆၁၅ ခုနှစ် မှာ ပြင်သစ်လူမျိုး အန်တွိုင်းဒေမွန်ခရီရှန် (Antoine de Montachretien) က ပြင်သစ်ဘာသာဖြင့် Economic Politique ဆိုပြီး စတင်သုံးနှုန်းခဲ့ပါတယ်။ နောက်ပိုင်းမှာ အဒမ်စမစ်၊ ဒေးဗစ်ရီ ကားဒိုး၊ ကားလ်မာ့ခ်စ် တို့ဟာ နိုင်ငံရေး ဘောဂဗေဒပညာရှင် တွေ ဖြစ်လာကြတယ်။ ၁၈၀၅ ခုနှစ် မှာ တော့ သော မတ်စ် မားလ်သပ်(Thomas Robert Malthus “၁၇၆၆” ၁၈၃၄) ဟာ အင်္ဂလန်မှာ ပထမဆုံး နိုင်ငံရေး ဘောဂဗေဒ ပါမောက္ခ ဖြစ်လာခဲ့တယ်။ အမေရိကန်ပြည်ထောင်စုရှိ ဝီလျံနှင့် မေရီကောလိပ်မှာ နိုင်ငံရေး ဘောဂဗေဒ ကို ပထမဆုံး သင်ကြားပေးခဲ့သည်။ စကော့လူမျိုး ဒဿနပညာရှင်နဲ့ နိုင်ငံရေး ဘောဂဗေဒပညာရှင် အဒမ်စမစ် (Adam Smith ဩ ၁၇၂၃ ဩ ၁၇၉၀) ကတော့ နိုင်ငံရေး သမားတွေ ၊ ဥပဒေပြုလွှတ်တော် အမတ်တွေ ဟာ နိုင်ငံရေး ဘောဂဗေဒကို နားလည် သဘောပေါက်အောင် လေ့လာထားကြဖို့ လိုအပ်တယ်လို့ ပြောဆိုခဲ့ပါတယ်။

ဒါ့ကြောင့် မို့လည်း အိန်ဂျယ် (Frederik Engels ၁၈၂၀ -၁၈၉၅) က နိုင်ငံရေး

ဘောဂဗေဒဟာ အကျယ်အပြန့် ဆုံး အဓိပ္ပါယ်အရဆိုလျှင် လူ့အဖွဲ့အစည်းအတွင်း ရှိ အသက်မွေးမှု ရပ်ဝတ္တုပစ္စည်းစုများ ၊ ထုတ်လုပ်မှု နှင့် ဖလှယ်မှု တို့ကို စိုးမိုးချုပ်ကိုင်နေသော ဥပဒေများဆိုင်ရာ သိပ္ပံပညာရပ် ဖြစ် သည်လို့ ဆိုခဲ့တယ်မဟုတ်လား။

နိုင်ငံရေး ပထဝီဝင်

နိုင်ငံရေး ပထဝီဝင်ဆိုတာက တိုင်းပြည်နိုင်ငံများ ၊ နိုင်ငံ များ စုစည်းတည်ထောင်တဲ့ ဖက်ဒရေး ရှင်းပြည်ထောင်စုများ ရဲ့ ပထဝီဝင်အနေအထားနဲ့ နိုင်ငံရေး စနစ်များ ကို လေ့လာတဲ့ ပညာရပ် ဖြစ်ပါတယ်။ ပြင်သစ်နိုင်ငံရေး ပညာရှင် "မွန် တက်စ်ကျူး (Montesquieu ၁၆၈၉ -၁၇၅၅) က တိုင်းပြည်များ ရဲ့ ရာသီဥတုအမျိုးအစားနဲ့ နိုင်ငံရေး စနစ် (အစိုးရပုံစံ) အဆက်အစပ်ရှိကြောင်း တင်ပြခဲ့ဖူးတယ်။ ခေတ် သစ် နိုင်ငံရေး ပထဝီဝင်ဘာသာရပ်ရဲ့ ဖခင်ကြီးလို့ ထင်ရှားသူ ကတော့ အန်ဒရေဆစ်ဖရိုက် (၁၈၇၅ - ၁၉၅၉) ဖြစ်တယ်။ သူက ပြင်သစ်နိုင်ငံမှာ လူအများ နေထိုင်သော နေရာဌာနများ ရဲ့ မြေဆီမြေသားအမျိုးအစားနဲ့ မဲဆန္ဒပေးသော အပြုအမူတို့ ဆက်စပ်နေပုံကို လက်တွေ့နမူနာများ နဲ့ တင်ပြခဲ့ဖူးတယ်။ တကယ်တော့ နိုင်ငံရေး ပထဝီဝင်ဆိုတာ နေရာဌာနအလိုကနိုင်ငံရေး အနေအထား ဖြစ်ပေါ်ပုံ (Politics of Place) ကို လေ့လာတဲ့ ဘာသာရပ်ပါပဲ။ ပထဝီနိုင်ငံရေး က နိုင်ငံများ ရဲ့ တည်နေရာအနေအထားက နိုင်ငံတကာ ဆက်ဆံရေး အပေါ် ဩဇာလွှမ်းမိုးပုံကို လေ့လာတဲ့ ပညာပါ။ နိုင်ငံရေး ပထဝီဝင် ဘာသာရပ် ကတော့ နယ်နိမိတ်များ ၊ နိုင်ငံများ ၊ ပြည်ထောင်စု များ ၊ နိုင်ငံတကာအဖွဲ့အစည်းများ ၊ သံခင်းတမန်ခင်း၊ ဖွံ့ဖြိုး ရေး အခြေအနေများ နဲ့ မဲဆန္ဒပေးခြင်းများ စတဲ့ကိစ္စတွေ ကို အဓိကထားလေ့လာတဲ့ ပညာရပ်မို့ နာမည် ကျော်တက္ကသိုလ် တွေ မှာ ပြဋ္ဌာန်းဘာသာရပ်အဖြစ် လေ့လာသင်ကြားပေး နေပါတယ်။



ဝိုင်-အမ်-ဘီ သခင်တင်

နိုင်ငံရေး ဒနဿ

နိုင်ငံရေး ဒနဿဆိုတာက မြို့ပြ၊ အစိုးရ၊ တိုင်းရေး ပြည်မှု ၊ လွတ်လပ်မှု ၊ တရားမျှတမှု ၊ ပစ္စည်းဥစ္စာ၊ ပိုင်ခွင့်များ ၊ တရားဥပဒေနှင့် အာဏာကျင့်သုံးမှု စတဲ့ အကြောင်းအရာ တွေ ကို သရုပ်ခွဲကြည့်ရင် အစိုးရဆိုတာ ဘာလဲ၊ လွတ်လပ် ခွင့်ဆိုတာ ဘာလဲ၊ တရားမျှတခြင်းဆိုတာ ဘာလဲ၊ ပိုင်ခွင့် ဆိုတာ ဘာလဲ၊ ဥပဒေဆိုတာ ဘာလဲ စတဲ့ လောကအမြင် တွေ ကို လေ့လာတဲ့ ပညာပါပဲ။

ပြီးတော့ အဲဒီ ပညာရပ်တွေ ဟာ လောကကြီးအတွက် ဘာ ဖြစ်လို့ လိုအပ်သလဲ၊ အစိုးရတစ်ရပ်ရဲ့ တရားဝင် ဖြစ်မှု လိုအပ်ချက်တွေ ၊ တရားဝင်အစိုးရအပေါ် ပြည်သူလူထုက လိုက်နာစောင့်သိရမယ့် တာဝန်ဝတ္တရားတွေ စတဲ့ အကြောင်း အရာတွေ ကိုပါ လေ့လာကြတယ်ကွဲ့။

နိုင်ငံရေး ဒဿနပညာရပ်မှာ အဓိက လေ့လာရမယ့် အချက် ကတော့ သုံးချက်ရှိတယ်။ တစ်က နိုင်ငံရေး ဘောဂ ဗေဒ။ ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့်နဲ့ အရင်းစုဆောင်းမှု တွေ ကို လေ့လာရန် ဖြစ်တယ်။ နှစ် က တရားမျှတမှု ဆိုင်ရာ လေ့လာ ချက် ဖြစ်တယ်။ တရားမျှတရေး ကို ပြန့်ပွားစေရန်နဲ့ မတရား ပြုသူများ ကို ပြစ်ဒဏ်ပေးရေး တို့ကို လေ့လာရန် ဖြစ်တယ်။ သုံး အချက် ကတော့ အမှန်တရား စိုးမိုးရေး (rules of truth) ဖြစ်တယ်။ တကယ်တော့ နိုင်ငံရေး ဒဿနပညာဟာ သိစိတ် နှစ် ခုကို ပေးစွမ်းနိုင်တယ်ကွဲ့။ ဘာလုပ်နေသလဲ (what we do)နဲ့ ဘာလုပ်သင့်သလဲ (what we ought to do) ပဲ ဖြစ်တယ်။

နိုင်ငံရေး သိပ္ပံ

နိုင်ငံ၊ အစိုးရနဲ့ အာဏာစတဲ့ အကြောင်းအချင်းအရာ တွေ ကို လေ့လာတဲ့ပညာဟာ နိုင်ငံရေး သိပ္ပံ (Political Science) ပဲ ဖြစ်တယ်ကွဲ့။ သိပ္ပံနည်းကျ လေ့လာခြင်း ကြောင့် နိုင်ငံရေး သိပ္ပံလို့ အမည် တပ်ခဲ့တာပါ။ နိုင်ငံရေး သိပ္ပံဟာ လူမှု ရေး သိပ္ပံနယ်ပယ်မှာ လည်း ပါဝင်နေပါတယ်။ နိုင်ငံရေး သဘောတရားနဲ့ လက်တွေ့ ဆိုင်ရာတွေ ကို လေ့လာ တဲ့ ပညာ ဖြစ်သလို၊ နိုင်ငံရေး စနစ်တွေ နဲ့ နိုင်ငံရေး အပြုအမူ တွေ ကို ဆန်းစစ်သုံးသပ်တဲ့ ပညာရပ်လည်း ဖြစ်ပါတယ်။

နိုင်ငံရေး သဘောတရား၊ ပြည်သူ့ရေး ရာမူဝါဒ၊ အမျိုး သားနိုင်ငံရေး ၊ နှိုင်းယှဥ်နိုင်ငံရေး စတဲ့ ပညာရပ်တွေ ကို နိုင်ငံရေး သိပ္ပံကျောင်းတွေ ပို့ချကြတယ်။ ဒါ့အပြင် နိုင်ငံရေး တရားများ နဲ့အတူ ဂန္ထဝင်နိုင်ငံရေး ဒဿနတွေ ကိုလည်း လေ့ လာ ကြတယ်။

နိုင်ငံရေး ကို ပညာရပ်တခုအနေနဲ့ လေ့လာခဲ့တဲ့ သမိုင်း ကြောင်းက အတော် ရှည်ကြာခဲ့တယ်လို့ ဆိုရမှာ ပဲ။ ဆော့ခ ရေး တီးစ် (Socrates – B.C ၄၆၉ -၃၉၉) ပလေးတိုး (Plato-B.C ၄၂၈ - ၃၄၇) အာရစ္စတောတဲလ် (Aristotle B.C ၃၈၄ သြ ၃၂၂) တို့ ခေတ်ကတည်းက စတင်ခဲ့တယ်လို့ လက်ခံထားကြတယ်။ ဘီစီ ၄ ရာစု မှာ ထွန်းကားခဲ့တဲ့ အရစ္စတောထဲလ် က နိုင်ငံရေး ပညာဟာ “သိပ္ပံပညာတို့ရဲ့ ဘုရင်မ” (Queeb of Sciences) လို့ ဆိုခဲ့တယ်။ ဒါပေ မယ့် သက်ဦးဆံပိုင် ဘုရင်စနစ် ထွန်းကားတဲ့ ခေတ်တွေ မှာ တော့

နိုင်ငံရေး ပညာအသုံးမတည့်တဲ့ ပညာရပ် ဖြစ်ခဲ့ရတယ်။

မက်စီယဗယ်လီ (၁၄၆၉-၁၅၇၇) ၏ "မင်းသား" (Prince) ကျမ်းဟာ အာဏာနဲ့ ပတ်သက်တဲ့ နိုင်ငံရေး ပညာ ပေးကျမ်း ဖြစ်သော် လည်း သူ့ရဲ့ အရှင်သခင်အား "ရွှေနား တော် သွင်း" တင်လျှောက်စာအ ဖြစ် ရေး ခဲ့ရတယ်ကွဲ့။ သူ့ရဲ့ ကျမ်းမှာ တိုင်းပြည်အုပ်ချုပ် မင်းလုပ်မယ့်သူတွေ အတွက် နိုင်ငံရေး တက်လမ်းရှာနည်း၊ ရရှိပြီးတဲ့ နိုင်ငံရေး အာဏာကို ခိုင်မြဲအောင် လုပ်နည်းနဲ့ အတိုက်အခံများ အပေါ် ဘယ်လို အောင်မြင်အောင်လုပ်မလဲ စတာတွေ ကို ဖော်ပြထားတယ်။

ပြီးတော့ နိုင်ငံရေး မှာ အခြေအနေကို လိုက်၍ သင့် တော် သလို လုပ်ဆောင်တတ်ခြင်းဟာ ကိုယ်ကျင့်တရား၊ ကိုယ်ကျင့်သိက္ခာတွေ ထက် ပိုပြီး အရေး ကြီးတယ်လို့ ဆိုခဲ့ တယ်။ ကျင့်သုံးခဲ့တဲ့ နည်းလမ်းတွေ မှန် မမှန်ကို နောက်ဆုံး အကျိုးသက်ရောက်မှု ကသာ ဆုံးဖြတ်တယ်လို့ ဆိုခဲ့တယ်။



**သခင်ထွန်းအုပ်နှင့် ဇနီးဒေါ်ခင်တုတ်**

ဥပမာ အာဏာသိမ်းတဲ့ကိစ္စ ဆိုပါစို့။ အောင်မြင်ရင် ဘာ ပြဿနာမှ မရှိဘူး။ ဒါပေမယ့် အာဏာသိမ်းလို့ မအောင်မြင် ရင်တော့ အာဏာသိမ်းတဲ့လူတွေ ဟာ နိုင်ငံတော် ပုန်ကန်မှု နဲ့ အရေး ယူခံရမှာ ပဲ။ ဒါကြောင့် နောင်အခါမှာ သူရဲ့ နာမည် ကျော် သြဝါဒဟာ အာဏာပဓာနသမားတွေ ရဲ့ လက်သုံး စကားသဖွယ် ဖြစ်လာခဲ့ရတယ်။

၁၇၄၁ ခုနှစ် မှာ ဒေးဗစ်ဟျူမ်း (David Hume – ၁၇၁၁ သြ ၁၇၇၆) က နိုင်ငံရေး ကို သိပ္ပံပညာတရပ်အဆင့်သို့ လျှော့ချရန် လုံ့ဆော်ရေး သားခဲ့တယ်။ ၁၉ ရာစု အကုန် လောက်မှာ အမေရိကန်နဲ့ ဂျာမန်တက္ကသိုလ်အများ အပြားမှာ နိုင်ငံရေး ဌာန သို့ မဟုတ် နိုင်ငံရေး သိပ္ပံဌာနတွေ ဖွင့်လှစ် ခဲ့တယ်။ နောက်မကြာမီမှာ ပဲ အင်္ဂလန်ကလည်း လန်ဒန် စီးပွားရေး နဲ့ နိုင်ငံရေး သိပ္ပံကျောင်းတွေ ကို ဖွင့်လှစ်ခဲ့တယ်။ အဲဒီ ကျောင်းတွေ မှာ နိုင်ငံရေး သိပ္ပံနဲ့ ဆက်နွယ်နေတဲ့ ဥပဒေ၊ ဘောဂဗေဒ၊ သမိုင်း၊ ပထဝီဝင်နဲ့ ဒဿနဗေဒတို့ကိုပါ သင်ကြားပေးခဲ့ကြတယ်။

နိုင်ငံရေး လူမှု ဗေဒ

တကယ်တော့ နိုင်ငံရေး လူမှု ဗေဒပညာဆိုတာက နိုင်ငံ ရေး သိပ္ပံဘာသာရပ်အောက်က ဘာသာရပ်ခွဲတစ်ခုပဲ ဖြစ်ပါ တယ်။ လူမှု ဆက်ဆံရေး နဲ့ အာဏာအဆက်အစပ်ကို အဓိက ထားလေ့လာတဲ့ ပညာရပ်ကွယ့်။ လူထုရဲ့ အပြုအမူ လူထုရဲ့ ယုံကြည်ချက်တွေ နဲ့ လူထုဖွဲ့စည်းမှု တို့ကို အာရုံစိုက်လေ့လာ တယ်။ နိုင်ငံရေး လူမှု ဗေဒပညာရပ်ဟာ စစ်တမ်းကောက် သုတေသနပြုခြင်းနဲ့ စာရင်းဇယားကိန်းဂဏန်းတွေ ကို အဓိက ထားတယ်။ အနောက် ဒီမိုကရေစီနိုင်ငံတွေ မှာ ရွေးကောက်ပွဲ ကာလအတွင် း နိုင်ငံရေး လူမှု ဆက်ဆံမှု ပညာရပ်နဲ့ လူထု သဘောထားကို လေ့လာဆန်းစစ် စစ်တမ်းထုတ်လေ့ရှိကြ တယ်။

နိုင်ငံရေး လူမှု ဗေဒပညာရပ်ဟာ နယ်ပယ် လေးရပ်ကို အဓိကထား သုတေသနပြုကြတယ်ကွယ့်။ အဲဒါတွေ ကတော့(၁) ယနေ့ခေတ်တိုင်းပြည်များ ရဲ့ လူမှု နိုင်ငံရေး အဖွဲ့စည်း တည်ဆောက်မှု (၂) တိုင်းပြည်တွေ ကို ဘယ်သူတွေ က အုပ်ချုပ်နေသလဲ၊

လူတန်းစား၊ လူမျိုးနွယ် ကျား/မ စတဲ့ ကွဲပြားခြားနားတဲ့ အုပ်စုများ အကြား လူမှု မညီမျှမှု တွေ က နိုင်ငံရေး အပေါ် ဘယ်လိုသြဇာသက်ရောက်နေသလဲ (၃) နိုင်ငံရေး အခွင့်အာဏာခွင်ပြင်ပရှိ လူအများ ကြားမှ ထင်ရှား သူများ ၊ လူမှု လှုပ်ရှားမှု များ နဲ့ ခေတ်ရေစီးကြောင်းများ က နိုင်ငံအပေါ် ဘယ်လို ရိုက်ခတ်နေသလဲ (၄) မိသားစုဝင်တွေ လုပ်ငန်းဌာနတွေ ဖျော်ဖြေရေးသမားတွေ နဲ့ မီဒီယာ အစရှိတဲ့ လူမှု အုပ်စုများ အတွင်း ၊နဲ့ ယင်းတို့အချင်းချင်းကြား အာဏာ ဆက်နွှယ်မှု တွေ ပဲ ဖြစ်တယ်။ နိုင်ငံရေး လူမှု ဗေဒပညာရပ်ကို ပညာရပ်တစ်ခုအ ဖြစ် ဖော်ထုတ်ခဲ့သူများ ကတော့ ဂျာမနီက မက်ဝီဘား (Mac Weber – ဩ၁၈၆၄ - ၁၉၂၀) နဲ့ ရုရှားက မွိုင်ဆီအော့စတြိုဂေါ့စကီးတို့ပဲ ဖြစ်ပါတယ်။

နိုင်ငံရေး ကျွမ်းဝင်မှု

နိုင်ငံရေး သဘောထားများ နဲ့ နိုင်ငံရေး တန်ဖိုးများ ကို လူ အများ စိတ်ဝင်စား လေ့လာဆည်းပူးခြင်း ဖြစ်စဉ်ကို လေ့လာ တဲ့ပညာရပ်ပါပဲ။ ကလေးဘဝက ပုံပြင်စာအုပ်ထဲက ဘုရင်မ များ မင်းသမီးများ ကို ချစ်ခင်စွဲလမ်းကြသော် လည်း ကြီးပြင်းလာတဲ့အခါမှာ ရွေးကောက်တင်မြှောက်ခံရတဲ့ သမ္မတများ ၊ ဝန်ကြီးချုပ်များ ကို အားကျတတ်ပုံ၊ ထို့ထက် ရင့်ကျက်လာတဲ့ အခါ ပုဂ္ဂိုလ်အစွဲအလမ်းထက် အဖွဲ့အစည်းနဲ့ သဘောတရား ရေး ကို အလေးထားကြပုံ စတဲ့ နုရာမှ ရင့်ရာ အဆင့်ဆင့် ပြောင်းလဲတတ်ပုံကို လေ့လာတဲ့ပညာရပ်ပဲ ဖြစ်တယ်။ လူတို့ ရဲ့ နိုင်ငံရေး ထင်မြင်ချက်ဟာ မိသားစု၊ မီဒီယာ၊ မိတ်ဆွေ အပေါင်းအသင်း၊ သင်ဆရာ မြင်ဆရာ၊ ဘာသာရေး ၊ လူမျိုးနွယ်၊ လိင်၊ အသက်အရွယ်၊ ပထဝီဝင်အနေအထားတို့ရဲ့ လွှမ်းမိုးပြုပြင်မှု ကြောင့် ဖြစ်တယ်လို့ ဆိုတယ်။ လူမျိုးတစ်မျိုး



**သခင်သန်းထွန်း**

ရဲ့ နိုင်ငံရေး ကျွမ်းဝင်မှု အတိမ်အနက်ဟာ မဲဆန္ဒပေးပွဲတွေ မှာ ဘယ်သူ့ကို မဲပေးခဲ့သလဲ အချက်နဲ့ တိုင်းတာတတ်ကြတယ်။

နိုင်ငံရေး စနစ်

နိုင်ငံရေး နဲ့ အစိုးရစနစ်ကို သုံးနှုန်းသော ဝေါဟာရ ဖြစ်တယ်။ နိုင်ငံရေး စနစ်မှာ ကွဲပြားခြားနားမှု တွေ ရှိတယ်ကွဲ့။ လက်ဝဲစနစ်များ အ ဖြစ် ကွန်မြူနစ်စနစ်၊ ဆိုရှယ်လစ်စနစ်၊ မင်းမဲ့စနစ်စတဲ့ စနစ်တွေ ရှိသလို လက်ယာဘက်မှာ ဖက်ဆစ် စနစ်၊ ကွန်ဆာဗေးတစ် စတဲ့ ဝါဒတွေ ရှိတယ်ကွဲ့။ အရင်းရှင် စနစ်ကိုတော့ လက်ဝဲလက်ယာတို့ရဲ့ အလယ်မှာ ရှိတယ်လို့ သတ်မှတ်ကြတယ်။

တကယ်တော့ နိုင်ငံရေး စနစ်ဆိုတာ အင်စတီကျူးရှင်း များ ခေါ် အထင်ကရ တည်ထောင်ဖွဲ့စည်းထားတဲ့ စီးပွား ရေး ၊ လူမှု ရေး လုပ်ငန်းဌာနများ ၊ နိုင်ငံရေး

အဖွဲ့အစည်းများ ၊ နိုင်ငံရေး ပါတီများ ၊ အကျိုးစီးပွားအုပ်စုများ (အလုပ်သမား သမဂ္ဂ၊ ကျောင်းသားသမဂ္ဂ၊ လော်ဘီအုပ်စုများ စတဲ့) ကို ခေါ်ခြင်းပါပဲကွာ။ အဲဒီ အင်စတီကျူးရှင်းများ နဲ့ သူတို့ရဲ့ လုပ်ငန်းဆောင်တာတွေ ကို ချုပ်ကိုင်ထားသော နိုင်ငံရေး စံနှုန်းတွေ ၊ စည်းမျဉ်းစည်းကမ်းတွေ (ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ရွေးကောက်ပွဲဥပဒေ) အကြား ဆက်ဆံရေး ပုံစံကို နိုင်ငံရေး စနစ်လို့ သတ်မှတ်ကြတယ်။

နိုင်ငံရေး သဘောတရား

နိုင်ငံရေး လက်တွေ့လုပ်ငန်းတွေ ကို အကောင်အထည် ဖော်ပေးရန် လမ်းညွှန်ပေးတဲ့မှုတွေ ကို နိုင်ငံရေး သဘော တရားလို့ ခေါ်ကြတယ်။

ရုရှားနိုင်ငံက ကွန်မြူနစ်ခေါင်းဆောင်ကြီး ဂျိုဇက် စတာလင် (J. Stalin –၁၈၇၉ သြ ၁၉၅၃) က သဘော တရားမပါတဲ့ လက်တွေ့ဟာ အကန်းနဲ့ တူတယ်။ လက်တွေ့ မပါတဲ့ သဘောတရားဟာ အမြဲနဲ့ တူတယ်လို့ ပြောဆိုခဲ့ဖူး တယ်။Ideology ကိုလည်း သဘောတရားလို့ပင် သုံးနှုန်း တတ်တာမို့ Theory နဲ့ ရောထွေးနေနိုင်တယ်ကွဲ့။Ideology ခေါ် အတွေးအမြင်စနစ် ဆိုတာက နိုင်ငံရေး ၊ တရားဥပဒေရေး ၊ သိပ္ပံ၊ ဒဿနဘာသာရေး ၊ ကျင့်ဝတ်၊ နဲ့ သုခုမ အနုပညာစိတ်ကူးစိတ်သန်းတွေ နဲ့ အမြင်တွေ ကို ခံယူကျင့်သုံးနေတဲ့ စနစ်ကို ခေါ်တာ ဖြစ်တယ်။Ideology ကို ဂျာမန်ဘာသာနဲ့ လောကအမြင World View ကိုလည်း ဖွင့်ဆိုတတ်ကြတယ်။ Political Ideology ဟာ နိုင်ငံရေး ယုံကြည်ချက် အယူဝါဒ ကိုင်းညွှတ်မှု ကို ခေါ်တာ ဖြစ်တယ်။

နိုင်ငံရေး သဘောတရား (Political Theory) က လုပ်ငန်းလမ်းညွှန်မှု တွေ ကို ချပေးတယ်။ ဥပမာ autocracy



နိုင်ငံတော်ဝန်ကြီးချုပ်ဦးနု

ဆိုတာ လူတစ်ဦးတည်း လက်ထဲမှာ အာဏာ အကန့် အသတ်မရှိ ပေးထားတဲ့ နိုင်ငံရေး သဘောတရား ဖြစ်တယ်။Collectivism ဟာ လူအများ က ကုန်ထုတ်ကိရိယာများ ကို ပိုင်ဆိုင်သင့်တယ်ဆိုတဲ့ သဘောတရား ဖြစ်တယ်။

ချုံ့ပြောရရင် Political Theory ခေါ် နိုင်ငံရေး သဘောတရားနဲ့ Political Ideology ခေါ် နိုင်ငံရေး အတွေ းအမြင်ကို Political Philosophy ခေါ် နိုင်ငံဒဿန ပံ့သွင်းပေးတယ်ကွယ့်။Ideology က ဖြစ်သင့်တာ တွေ ကို တွေ းခေါ်မြော်မြင်ပြီး Theory က လုပ်ဆောင်သင့် တာတွေ ကို လမ်းညွှန်တယ်ဆိုတာကို သိထားဖို့ပါပဲကွာ။

နိုင်ငံရေး ပေါင်းစည်းခြင်း

ကမ္ဘာ့နိုင်ငံများ ဟာ စီးပွားရေး အကျိုးအလို့ငှာ အသင်း ဝင်တွေ ဖွဲ့စည်းပေါင်းစုရာမှ နိုင်ငံရေး ပေါင်းစည်းမှု အထိ တက်လှမ်းလာကြတယ်။ ၁၉၉၃ ကစပြီး ဥရောပသမဂ္ဂ (European Union) ဟာ စီးပွားရေး ပေါင်းစည်းမှု မှ နိုင်ငံ ရေး ပေါင်းစည်းမှု

ကို ဦးတည်လျက်ရှိတယ်။ ဥရောပပါလီမန်၊ ဝန်ကြီးများ ကောင်စီ၊ ဥရောပငွေကြေးစနစ်၊ ဥရောပဗဟိုဘဏ်၊ အစရှိတဲ့ အဖွဲ့တွေ ဟာ နိုင်ငံရေး ပေါင်းစည်းမှု အသွင်ကို ဦးတည်နေကြတယ်ကွဲ့။ တစ်နိုင်ငံချင်း သီးခြားလွတ်လပ်သော နိုင်ငံများ အ ဖြစ်ရပ်တည်ကာ ဥရောပဖက်ဒရယ် ပြည်ထောင်စု အ ဖြစ် ဖော်ထုတ်လိုသော အဆိုပြုချက်များ လည်း ရှိခဲ့တယ်။ အဲဒီ နိုင်ငံတွေ ကတော့ ဘယ်လ်ဂျီယံ၊ နယ်သာလန်၊ လူဇင် ဘတ် စတဲ့ နိုင်ငံတွေ ပဲ ဖြစ်တယ်။

ဆိုဗီယက်ပြည်ထောင်စုပြိုကွဲခါစ ၁၉၉၀ ပြည့်လွန်နှစ် များ မှာ C.I.S ခေါ် လွတ်လပ်သော နိုင်ငံများ ဓနသဟာယ အဖွဲ့ (Commonwealth of Independent States) အမည် နဲ့ စီးပွားရေး ကို အခြေခံ၍ နိုင်ငံရေး ပေါင်းစည်းမှု အထိ ပြုလုပ်ရန် ဆိုဗီယက်နိုင်ငံဟောင်းအချို့က ကြိုးပမ်းခဲ့ကြ သေးတယ်။

နိုင်ငံရေး ခိုလှုံခွင့်

Political Asylum ခေါ် နိုင်ငံရေး ခိုလှုံခွင့်ဆိုတာ ဖိစီးနှိပ်စက်မှု ရှိတဲ့ နေရာဒေသတစ်ခုမှ တိမ်းရှောင်လာသူအား ဘေးအန္တရာယ်ကင်းစွာ နေထိုင်ခွင့်ပေးခြင်းပါပဲ။ အပြည်ပြည် ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်း (၁၉၄၈) အပိုဒ် ၁၄ မှာ “မည် သူမဆို ဖိစီးနှိပ်စက်မှု ရှိသည့်နေရာကို စွန့်ခွာ၍ အခြားနိုင်ငံများ တွင် ခိုလှုံနေထိုင်ရန် တောင်းဆိုပိုင်ခွင့်ရှိ သည်” ဟု ဖော်ပြပါရှိတယ်။ ဒါ့အပြင် ဒုက္ခသည်များ ဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း (၁၉၅၁) မှာ လည်း ပင်ရင်း နိုင်ငံရဲ့ အခြေအနေမဲ့ ဖြစ်ရသူများ အခွင့်အရေး နဲ့ ကေတင်းကျိူး ချမ်းသာရေး ကို စောင့်ထိန်းရန် နိုင်ငံတိုင်းမှာ တာဝန်ရှိ ကြောင်း ဖော်ပြထားတယ်။ ဒါပေမယ့် နိုင်ငံရေး ခိုလှုံခွင့်ပေး ရမယ့်ကိစ္စကို အချို့နိုင်ငံတွေ က လိုက်နာကျင့်သုံးမှု မရှိဘူး။ ခိုလှုံခွင့်ပေးရမယ်လို့ ဘယ်သူကမှ ဖိအားမပေးနိုင်တော့ နိုင်ငံရေး ခိုလှုံခွင့် ပေးခြင်း မပေးခြင်းကို တစ်နိုင်ငံချင်း အလိုက် ကြိုက်သလို ဆုံးဖြတ်နေကြတယ်။

ဒါဆိုရင် နိုင်ငံရေး ဆိုတဲ့ ခေါင်းစဉ်အောက်ကနေ ဆင့် ပွားလာတဲ့ ဘာသာရပ်တွေ ကို နားလည်သဘောပေါက် လောက်ပြီထင်တယ်။